# ကြေးမုံ

The Mirror

Established in 1957

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်၊ တနင်္ဂနွေနေ့၊ (28-9-2014) (၇၉၇၇)


**ဒါန၁၃ တော်မင်္ဂလ မုတ္တမံ**

စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သော မင်္ဂလာမည်၏ ။

**မိုးရွာသွန်းမှု**

၂၇-၉-၂၀၁၄

| | | | | |
|---|---|---|---|---|
| မော်လမြိုင် | ၁ | ဒသမ | ၅၄ | လက်မ |
| လှိုင်းဘွဲ့ | ၁ | ဒသမ | ၂၆ | လက်မ |
| ပဲခူး | ၁ | ဒသမ | ၂၂ | လက်မ |
| ကသာ | ၁ | ဒသမ | ၁၄ | လက်မ |
| မိုးကုတ် | ၁ | ဒသမ | ၁၄ | လက်မ |
| ညောင်ဦး | ၁ | ဒသမ | ၁၀ | လက်မ |

# ဆည်တမံတည်ဆောက်ရေးလုပ်ငန်းနှင့်အတူ မြောင်းတူးဖော်မှုလုပ်ငန်း တစ်ပြိုင်တည်းဖော်ဆောင် ရေအားလျှပ်စစ်ထုတ်လုပ်မှုကိုလည်း တစ်ချိန်တည်းထုတ်ယူရရှိနိုင်ရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဦးအုန်းမြင့်၊ ဦးခင်မောင်စိုး၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ဦးခင်ဇော်တို့နှင့်အတူ ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြပြီး မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် စီမံကိန်းရှင်းလင်းဆောင်အနီးရှိ ရှုရပ်နေရာတွင်ခင်းကျင်းပြသထားသည့် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းပုံစံငယ်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်တွင် ဒုတိယဝန်ကြီး ဦးခင်ဇော်က မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းတည်နေရာ၊ စီမံကိန်းဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က အဓိကဆောင်ရွက်ရသည့် လုပ်ငန်းကဏ္ဍများဖြစ်သည့် အကြိုတည်ဆောက်ခြင်း၊ ရေစိမ့်တားကွန်ကရစ်နံရံတည်ဆောက်ခြင်း၊ ရေလွှဲဥမင်လိုဏ်တည်ဆောက်ခြင်း၊ ပင်မတမံတည်ဆောက်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်း၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့**





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြို့ကြီး ရေလှောင်တမံ ဘက်စုံစီမံကိန်းပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြို့ကြီး ရေလှောင်တမံ ဘက်စုံစီမံကိန်းကို တွေ့ရစဉ်။

(သတင်းစဉ်)




**ကြေးမုံ စာတည်းရှုထောင့် ၂၈-၉-၂၀၁၄၊ တနင်္ဂနွေနေ့**

# လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း

နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဦးစားပေးသတ်မှတ်ထားသော ကဏ္ဍများတွင် လူမှုရေး-ယဉ်ကျေးမှုနှင့်ဆက်နွှယ်သောကိစ္စရပ်များသည် အများဆုံးဖြစ်ပြီး လူမှုဘဝအတွက်ဖြစ်စေ၊ နိုင်ငံအတွက်ဖြစ်စေ၊ ဒေသတွင်း နိုင်ငံများအတွင်း၌ဖြစ်စေ အထူးအရေးပါအရာရောက်သော ကိစ္စရပ်များဖြစ်ပါသည်။

အမျိုးသားယဉ်ကျေးမှုကို သမိုင်းအမွေအနှစ်များနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများဟုသာ များသောအားဖြင့် သိရှိနားလည်ထားကြသည်။ အမှန်တွင် လူမှုဘဝတစ်ခုလုံး၏ အရေးအရာကိစ္စများ ဖြစ်သည်ကိုလည်း သိရှိနားလည်ထားရမည်ဖြစ်သည်။ ယခုလက်ရှိ ကျင့်သုံးဆောင်ရွက်လျက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူ(၂၂)တွင် နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ရမည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်။ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်ဟု ဖော်ပြထားပါသည်။

အခြေခံမူ(၂၇)တွင်လည်း နိုင်ငံတော်သည် အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးနှင့် စောင့်ရှောက်ထိန်းသိမ်းရေးအတွက် ကူညီဆောင်ရွက်မည်ဟု ဖော်ပြထားသဖြင့် ယဉ်ကျေးမှုဟူသည် အမျိုးသားအမွေအနှစ်သာမကဘဲ လူမှုအသိုက်အဝန်းတစ်ခုလုံး၏ လိုအပ်ချက်များကိုပါ လွှမ်းခြုံထားသည့်အတွက် ကျယ်ဝန်းနက်ရှိုင်းပြီး အရေးကြီးပါသည်။

ယခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပေးနေသော အာဆီယံအစည်းအဝေးများအနက် ယနေ့ပုဂံမြို့တွင် စတင်ကျင်းပမည်ဖြစ်သော အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိများအစည်းအဝေးနှင့် ဝန်ကြီးအဆင့်အစည်းအဝေးများတွင် ယဉ်ကျေးမှုသာမက လူမှုအသိုက်အဝန်းဆိုင်ရာ အရေးကိစ္စများကို ဆွေးနွေးသွားကြမည်ဖြစ်သည်။

အာဆီယံအဖွဲ့အစည်းကြီးတွင် လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီကို ဖွဲ့စည်းထားပြီး အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှုထိန်းသိမ်းရေးကဏ္ဍ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကဏ္ဍ စသည်တို့ကို ယခုကျင်းပမည့် အာဆီယံအစည်းအဝေးများတွင် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ပါဝင်ဆွေးနွေးသွားကြမည်ဖြစ်သည်။

အဆိုပါ ကောင်စီသည် ကျန်းမာရေး၊ ပညာရေး၊ အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ သာတူညီမျှရှိရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အာဆီယံဝိသေသလက္ခဏာပြည့်စုံရေး၊ ဆင်းရဲမှုလျှော့ချရေး စသည့်ကဏ္ဍတို့တွင်လည်း လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ အစည်းအဝေး၌ ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း ထူထောင်နိုင်ပြီးနောက် ဒေသတွင်းဆိုင်ရာ ငြိမ်းချမ်းရေးအတွက် စည်းလုံးညီညွတ်သောအာဆီယံ၊ တစ်ခုတည်းသော အာဆီယံအဖြစ် ဆက်လက် အကောင်အထည်ဖော်နိုင်ရေးတို့ကို ဆွေးနွေးသွားကြမည်ဖြစ်သည်။

ထိုသို့ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းထူထောင်ရာတွင် အဓိကသက်ဆိုင်သည့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ အပါအဝင် ဝန်ကြီးဌာန ၁၀ ခုတို့က မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် လူမှုရေးနှင့်ယဉ်ကျေးမှုအသိုက်အဝန်းကြီး အောင်မြင်စွာပေါ်ထွန်းနိုင်ရေးအတွက် တက်ညီလက်ညီ ပါဝင်ဆောင်ရွက်သွားကြမည် ဖြစ်သည်။

လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းသည် မြန်မာနိုင်ငံအတွက်သာမက အာဆီယံနိုင်ငံများအားလုံးအတွက်ပါ ကျယ်ဝန်းနက်ရှိုင်းပြီး အရေးကြီးသည့်ဆက်နွှယ်မှုများ ရှိနေသောလုပ်ငန်းစဉ်များဖြစ်ပါသည်။ ထို့ကြောင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် နိုင်ငံအကျိုး၊ ပြည်သူပြည်သားများ၏ အကျိုးကို ရှေးရှုကာ ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းကြီး ထူထောင်နိုင်ရေးကို ဦးတည်၍ လုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါသည်။ ။

# ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်း အမှတ်စဉ်(၃)ဆင်းပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသကျေးလက်မြို့ပြနေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်း အမှတ်စဉ်(၃)ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၅၁) ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းတိုင်းရင်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များ၊ နည်းပြများနှင့် သင်တန်းသူများအတွက် ထောက်ပံ့ငွေများကို ချီးမြှင့်သည်။

ထို့နောက် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ သင်တန်းဆင်းပြီး အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်ကြမည့် သင်တန်းသူ ၁၄၀ အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးအရာရှိ ဦးအောင်လွင်က အလုပ်သမားအဖြစ် အသိအမှတ်ပြုလွှာများ ပေးအပ်ပြီး Myanmar Synergy Garment Co.,Ltd. အထည်ချုပ်စက်ရုံသို့ ၃၂ ဦး၊ Cherry Garment Co.,Ltd. အထည်ချုပ်စက်ရုံသို့ ၄၀ ၊Tri-Sea Garment Factory Co.,Ltd. အထည်ချုပ်စက်ရုံသို့ ၂၉ ဦး၊ ခိုင်ပြည့်စုံအထည်ချုပ်စက်ရုံသို့ ၂၀၊ မိဘမေတ္တာအထည်ချုပ်လုပ်ငန်းသို့ ကိုးဦး၊ နီနီ၊ မျိုးမျိုး အထည်ချုပ်လုပ်ငန်းသို့ ၁၀ ဦး စုစုပေါင်း တိုင်းရင်းသူ ၁၄၀ အား အထည်ချုပ်စက်ရုံများသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးက သင်တန်းဆင်းတိုင်းရင်းသူများအား အထည်ချုပ်စက်ရုံများ၌ အထည်ချုပ်ကျွမ်းကျင်ဝန်ထမ်းများအဖြစ် ခန့်အပ်ရန် စီစဉ်ဆောင်ရွက်မှုများအား ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်းက သင်တန်းဆင်းတိုင်းရင်းသူများအား အထည်ချုပ်စက်ရုံများ၌ အလုပ်ခန့်အပ်ရခြင်း အကြောင်းအရင်းနှင့် အလုပ်သမားများ၏ ခံစားခွင့်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းတင်ပြကာ အထည်ချုပ်စက်ရုံအသီးသီးက သင်တန်းဆင်း အထည်ချုပ်အလုပ်သမားများအား အထည်ချုပ်ဝန်ထမ်းအဖြစ် ခန့်အပ်လွှာများ ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းနှင့် အဆင့်မြင့် စက်ချုပ်(အထူး) သင်တန်းတို့တွင် သင်တန်းသူများ လက်တွေ့သင်ကြားနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး ခေတ်မီမော်တာအထည်ချုပ်စက် သင်တန်းများအား ရက်သတ္တနှစ်ပတ်လျှင်တစ်ကြိမ် တိုင်းရင်းသူအင်အား ၁၄၀ ဖြင့် စဉ်ဆက်မပြတ် ဖွင့်လှစ်လေ့ကျင့်ပေးပြီး အထည်ချုပ်စက်ရုံများတွင် ကျွမ်းကျင်လုပ်သားများအဖြစ် ခန့်အပ်တာဝန်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ခေတ်မီအထည်ချုပ်စက်သင်တန်း အမှတ်စဉ် (၁)မှ အမှတ်စဉ် (၃)အထိ သင်တန်းဆင်း တိုင်းရင်းသူ ၃၄၀ရှိပြီး ယခုသင်တန်းဆင်း တိုင်းရင်းသူများမှာ ဗမာ ၇၃ ဦး၊ ကချင်တစ်ဦး၊ ကယား လေးဦး၊ ကရင်လေးဦး၊ ချင်း ၁၇ ဦး၊ မွန်တစ်ဦး၊ ရခိုင် ၁၁ဦး၊ ရှမ်း ရှစ်ဦး၊ နာဂ ၁၆ဦး၊ ရဝမ်သုံးဦး၊ ပလောင်တစ်ဦး၊ လီဆူးတစ်ဦးဖြစ်၍ သင်တန်းဆင်းပြီး စုစုပေါင်းတိုင်းရင်းသူ ကချင်တစ်ဦး၊ ကယား ၁၀ ဦး၊ ကရင်ငါးဦး၊ ချင်း ၃၁ ဦး၊ မွန်တစ်ဦး၊ ဗမာ ၁၉၅ ဦး၊ ရခိုင် ၂၄ ဦး၊ ရှမ်း ၂၁ ဦး၊ ပလောင်ခြောက်ဦး၊ နာဂ ၃၈ ဦး၊ လီဆူး ငါးဦးနှင့် ရဝမ်သုံးဦးတို့ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# တီဘီ၊ အိတ်ချ်အိုင်ဗွီဆွေးနွေးပွဲ ဗဟိုအမျိုးသမီးဆေးရုံ၌ ကျင်းပ


**ရန်ကုန် စက်တင်ဘာ ၂၇**


ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗဟိုအမျိုးသမီးဆေးရုံတွင် စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက TB/HIV Committee Quarterly Meeting ကျင်းပရာ အောက်မြန်မာပြည် တီဘီဆရာဝန်ကြီး ဒေါက်တာ ဒေါ်တင်မိမိခိုင်က အမှာစကားပြောကြားပြီး ဗဟန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်နီနီသော်က မြို့နယ်အတွင်း TB/HIV ဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး သိရှိလိုသည့် အချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအား မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သန္တာမေ(IPRD)**








နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



✻ **ရွှေဖုံးမှ**

ရေအားလျှပ်စစ်ဥမင်လိုဏ်နှင့် ရေအားလျှပ်စစ်အဆောက်အအုံများ တည်ဆောက်ခြင်း၊ ရေလွှဲဆည်တည်ဆောက်ခြင်း၊ မြို့ကြီးမြောင်းမတော် အမှတ်(၁)တည်ဆောက်ခြင်းနှင့် မြို့ကြီးမြောင်းမတော် အမှတ်(၂) တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်နေမှုများအား လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဆည်တမံတည်ဆောက်ရေးလုပ်ငန်းနှင့်အတူ ရေရရှိရေးအတွက် မြောင်းတူးဖော်မှုလုပ်ငန်းကိုလည်း တစ်ပြိုင်တည်းပြီးစီးအောင် ဆောင်ရွက်သွားရန်၊ ထို့အတူ ရေအားလျှပ်စစ်ထုတ်လုပ်မှုကိုလည်း တစ်ချိန်တည်းထုတ်ယူရရှိနိုင်ရေး ဆောင်ရွက်သွားရန်၊ ရေမြောင်းများကို ကွန်ကရစ်ရေမြောင်းပြုလုပ်ပြီး ရေမြောင်း တစ်လျှောက်တွင်လည်း ဆိုလာပါဝါစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူရရှိနိုင်ရေး ကျွမ်းကျင်ပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်၊ ရေမြောင်းများမှ ရေသောက်ဧရိယာရှိ စိုက်ပျိုးမြေများအား ထိရောက်အကျိုးရှိအောင် ဆောင်ရွက်ပေးရန်၊ ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဦးစားပေးအလိုက်ဟန်ချက်ညီညီ အချိန်စောနိုင်သမျှ ဆောလျင်စွာပြီးစီးအောင်ဆောင်ရွက်ရန်၊ ပြောင်းရွှေ့ရသည့် ရွာနှစ်ရွာအတွက်လည်း လျော်ကြေး၊နစ်နာကြေးများကို သတ်မှတ်နှုန်းထားအတိုင်း ဆောင်ရွက်ပေးသည့်အပြင် သောက်သုံးရေ၊ စိုက်ပျိုးရေနှင့် စိုက်ပျိုးမြေ၊ လျှပ်စစ်မီးရရှိရေးတို့ကိုလည်း ဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် စီမံကိန်းအတွင်း ရေယူအဆောက်အအုံအောက်ပိုင်းရှိ ရေအားလျှပ်စစ်ဥမင်လိုဏ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း၏ ရေယူ အဆောက်အအုံအပေါ်ပိုင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီးတွင် တည်ရှိပြီး ရေဆင်းဧရိယာ ၇၂၅ စတုရန်းမိုင်ရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏ ၃၇၃၄၂၀ ဧကေ၊ ကန်ရေသေ ရေလှောင်ပမာဏ ၅၉၇၇၀ ရှိသည်။ တမံအမျိုးအစားမှာ မြေသားတမံ(ဇုန်အမျိုးအစား)ဖြစ်ပြီး တည်ဆောက်ဆဲ ကျိုင်းခမ်းရေလှောင်တမံနှင့် တည်ဆောက်ပြီးဇော်ဂျီရေလှောင်တမံတို့မှ လျှပ်စစ်ဓာတ်အားအတွက် ထုတ်လွှတ်လိုက်သော ရေများနှင့် ရေလှောင်တမံနှစ်ခုအကြား စီးဆင်းသော ရေများကို စုပေါင်းသိုလှောင်၍ ရေအားလျှပ်စစ် ၃၀ မဂ္ဂါဝပ် ထပ်မံထုတ်လွှတ်နိုင်ရန်၊ သိုလှောင်ပြီးရေများကို ထိန်းညှိထုတ်လွှတ်ပေး၍ ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီဆည်ရေသောက်ဧရိယာ ဧက ၈၂၀၀၀ အား ရေပို့ပေးဝေနိုင်ရန်နှင့် ခြောက်သွေ့ဒေသဖြစ်သည့် မိတ္ထီလာလွင်ပြင်အတွင်းရှိ မြေဧရိယာ ဧက ၃၃၀၀၀ ကိုစိုက်ပျိုးရေ ပေးဝေနိုင်ရန်နှင့် ဒေသအတွင်းစိမ်းလန်းစိုပြည်စေရန် ရည်ရွယ်လျက် အကောင်အထည် ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းမှာ ယခုအခါ ၈၂ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးအောင်တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် တမံပိတ်ခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၅ ခုနှစ် မတ်လတွင် အပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်မြို့နယ် ရဲရမန်းကျေးရွာရှိ ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြသည်။


ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရဲရွာရေအားလျှပ်စစ်စီမံကိန်းတမံပေါ်သို့ မော်တော်ယာဉ်များဖြင့်ရောက်ရှိကြပြီး တာပေါင်မှနေ၍ တမံအတွင်း ရေဝင်ရောက်မှုနှင့်ရေသိုလှောင်ထားရှိမှု၊ ရေပိုလွှဲမှ ပိုလျှံရေများ စီးဆင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ စီမံကိန်းဧရိယာအတွင်း လုံခြုံရေးအထူးဂရုပြုရန်နှင့် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအတွက် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအဆင်ပြေအောင် ဆောင်ရွက်ပေးရေး မှာကြားသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို ၁၉၂၄ ခုနှစ်မှစတင်၍ ဗြိတိသျှကုမ္ပဏီက စတင်လေ့လာခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် စီမံကိန်းအကောင်အထည်ဖော်နိုင်ရေးအတွက် ဆွစ်ဇာလန်နိုင်ငံ Colenco Power Engineering Co.,Ltd. နှင့် စာချုပ်ချုပ်၍ ၇၉၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်မည့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးခဲ့သည်။

ရေလှောင်တမံရှိ ဓာတ်အားပေးစက်ရုံတွင် ဖရန်စစ်(ဒေါင်လိုက်) တာဘိုင်အမျိုးအစားကို တပ်ဆင်ထားပြီး ၁၉၇ ဒသမ ၅ မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည့် တာဘိုင်စက်လေးလုံးဖြင့် စုစုပေါင်း ၇၉၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည်။ ရေအားအမြင့်မှာ ၂၉၉ ပေရှိပြီး ကျောက်ဆည်မြို့နယ်အတွင်း ဒုဌဝတီ မြစ်ပေါ်တွင် တည်ဆောက်ထားသည့် RCC ကွန်ကရစ် အမျိုးအစား ရေလှောင်တမံဖြစ်သည်။

ယခုအခါ တမံအတွင်းသို့ ရေအပြည့်ဝင်ရောက်နေသည့်အပြင် သုံးပေရေကျော်လျက်ရှိပြီး မူလတပ်ဆင်ထားသည့် စက်လေးလုံးစွမ်းအားပြည့် လည်ပတ်လျက်ရှိကြောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ယခုအခါ လျှပ်စစ်ဓာတ်အားစုစုပေါင်း ၂၁၇၁ မဂ္ဂါဝပ်ထုတ်လုပ်ပေးလျက်ရှိပြီး ၂၀၁၅ ခုနှစ် နွေရာသီအမီ ၄၃၈ မဂ္ဂါဝပ် တိုးမြှင့်ထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် စုစုပေါင်း ၂၆၀၉ မဂ္ဂါဝပ်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ် နွေရာသီကာလဓာတ်အား လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**










✳ မြန်မာနိုင်ငံမှ

ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးနှင့် မြန်မာနိုင်ငံ ကဏ္ဍအသီးသီးမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်ပရောက် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ခဲ့ကြသည်။**(အပေါ်ပုံ)**

ဖိုရမ်တွင် Peninsula Press အယ်ဒီတာချုပ် Ms.Stella Klauhs နှင့် ကမ္ဘောဇအုပ်စုမှ အမှုဆောင်ဒါရိုက်တာ ဒေါ်နန်းလန်ခမ်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများပြောကြားခဲ့ကြပြီး ဆွေးနွေးပွဲအစီအစဉ်များကို ဆက်လက်ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက Myanmar- the Outlook ခေါင်းစဉ်၊ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က Natural Resources, Key for Sustainable Development (Energy) ခေါင်းစဉ်၊ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က Let the Journey Begin ခေါင်းစဉ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က Finance, a Clear Need for Technological Resources ခေါင်းစဉ်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက Foreign Investment ခေါင်းစဉ်တို့ကို ဦးဆောင်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် US-ASEAN Business Council, Myanmar-American Chamber of Commerce မှ စီးပွားရေးရာကျွမ်းကျင်သူများက သက်ဆိုင်ရာခေါင်းစဉ်များတွင် ပါဝင်ဆွေးနွေးကာ မြန်မာနိုင်ငံ၏ အလားအလာများ၊ ဖြစ်ပေါ်တိုးတက်မှုများ၊ ပြုပြင်ပြောင်းလဲမှုများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးခဲ့ကြသည်။

ဖိုရမ်နှင့်တစ်ဆက်တည်းတွင် အမေရိကန်ပြည်ထောင်စုရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံမှ လာရောက်သည့် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ သက်ဆိုင်ရာကဏ္ဍအလိုက် တစ်ဦးချင်းတွေ့ဆုံဆွေးနွေးသည့် အစီအစဉ်ကိုလည်း ဆောင်ရွက်ခဲ့ရာ အမေရိကန်ပြည်ထောင်စုရှိ စီးပွားရေးလုပ်ငန်းရှင်များသိရှိလိုသည့် အခြေအနေအသေးစိတ်ကို တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက်လည်း လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းခဲ့ကြသည်။

ဖိုရမ်သို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၇၃ ဦး အပါအဝင် အမေရိကန်ပြည်ထောင်စုမှ စီးပွားရေးလုပ်ငန်းရှင် ၂၅၀ ကျော်ပါဝင်တက်ရောက်ခဲ့ပြီး ဖိုရမ်ကိုအောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း၊ မြန်မာနိုင်ငံအတွင်းသို့ အမေရိကန်အပါအဝင် နိုင်ငံစုံကော်ပိုရေးရှင်းများမှ လာရောက်ရင်းနှီးမြှုပ်နှံရေးဖိတ်ကြားနိုင်ခဲ့သည့် အခြေအနေများကို ဖန်တီးနိုင်ခဲ့ခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကြံပြုချက်များရရှိပြီး နှစ်ဖက်စီးပွားရေးဆက်ဆံမှုမြှင့်တင်ခြင်းနှင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် ဆန္ဒရှိသူများအား တိုက်ရိုက်ထိတွေ့ဆောင်ရွက်နိုင်ခြင်းဖြင့် ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်ဆောင်ရွက်ရန် စိတ်အားထက်သန်မှု ဖြစ်ပေါ်စေခြင်းစသည့် အကျိုးကျေးဇူးများရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

☆ ကျောဖုံးမှ

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီနှင့် ပြည်သူ့လွှတ်တော်ကော်မတီတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သောင်းနှင့် Friedrich-Ebert-Stiftung မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Konstantin Barwaldt တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဂျာမနီနိုင်ငံ WUERZBURG တက္ကသိုလ်မှ ပြည်သူ့ဘဏ္ဍာစီမံရေးတာဝန်ခံ Prof. Dr.Hans Fehr က ဂျာမနီနိုင်ငံ၏ အခွန်ကောက်ခံမှုစနစ်နှင့် ဘဏ္ဍာရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကနှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ဂျာမနီနိုင်ငံ၏ အခွန်ကောက်ခံမှုစနစ်နှင့် ဘဏ္ဍာရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးကြရာ Prof.Dr.Hans Fehr နှင့် Friedrich-Ebert-Stiftung မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို စက်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ရန်ကုန်-ပြည်ရထားလမ်းပိုင်း၌ အမြန်ရထား တွဲဆိုင်းအသစ်ဖြင့် စတင်ပြေးဆွဲ

**နေပြည်တော် စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံ၏ မြန်မာ့မီးရထားသမိုင်းတွင် ပထမဦးဆုံးပြေးဆွဲခဲ့သည့် ရန်ကုန်-ပြည် ရထားလမ်းပိုင်း၌ အမှတ်(၇၁) အဆန်နှင့် အမှတ်(၇၂) အစုန် အမြန်ရထားတွဲဆိုင်းအသစ်ဖြင့် စတင်ပြေးဆွဲခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင်ရန်ကုန်ဘူတာကြီး၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်-ပြည် အမှတ်(၇၁) အဆန်နှင့် အမှတ်(၇၂)အစုန် ရထားတွဲဆိုင်း အသစ်အား ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဦးဉာဏ်ထွန်းအောင်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ကဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့်ဝန်ကြီးချုပ်တို့သည် ရန်ကုန်-ပြည်ရထားတွဲဆိုင်းသစ်ဖြင့် လိုက်ပါစီးနင်းကြမည့် ခရီးသည်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ရန်ကုန်-ပြည်ရထားလမ်းပိုင်းသည် မြန်မာနိုင်ငံ၏ မြန်မာ့မီးရထားသမိုင်းတွင် ပထမဦးဆုံးပြေးဆွဲခဲ့သည့် လမ်းပိုင်းဖြစ်ပြီး အရှည် ၁၆၁ ဒသမ သုညမိုင်ရှိသည်။ အဆိုပါလမ်းပိုင်းမှ အရှည် ၁၄၈ ဒသမ ၂၅ မိုင်ရှိသည့် တညင်းကုန်း-ပြည် ရထားလမ်းပိုင်းအား ၁၈၇၇ ခုနှစ် မေ ၁ ရက်တွင် လည်းကောင်း၊ အရှည် ၁၂ ဒသမ ၇၅ မိုင်ရှိသည့် ရန်ကုန်-တညင်းကုန်း ရထားလမ်းပိုင်းအား ၁၉၂၆ ခုနှစ် မတ် ၆ ရက်တွင် လည်းကောင်း ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ယခုဆိုလျှင် ၁၃၇ မိုင်ပြည့်မြောက်ခဲ့ပြီးဖြစ်သည်။

မြန်မာ့မီးရထားသည် တစ်နိုင်ငံလုံးရှိ ရထားသံလမ်းမိုင်ပေါင်း ၄၈၀၀ ကျော်ကို ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်-ပြည်ရထားလမ်းပိုင်းတွင် ရထားခုန်ခြင်း၊ ဆောင့်ခြင်း၊ လူးလွန့်လှုပ်ခါခြင်းများ လျော့နည်းသွားစေရန်နှင့် သက်သောင့်သက်သာစီးနင်းနိုင်ရန်အတွက် ဝါးနက်ချောင်းမှစတင်၍ ခြောက်ချောင်းဆက်သံလမ်းများအား Flasx Butt စနစ်ဖြင့် သံလမ်းအဆက်များဆက်ခြင်းကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့မီးရထားသည် ပြည်သူများ စိတ်ချမ်းမြေ့လုံခြုံစိတ်ချစွာ သွားလာနိုင်ရန်အတွက် လမ်းပိုင်းများ တောင့်တင်းအောင်ဆောင်ရွက်ခြင်း၊ စက်ခေါင်းနှင့်လူစီးတွဲများ ကိုယ်တိုင်ထုတ်လုပ်ခြင်းများလည်း ဆောင်ရွက်လျက်ရှိသည်။ ယခုဖွင့်လှစ်သည့် လမ်းပိုင်းတွင် အသုံးပြုသောတွဲများသည် လူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်)မှ ထုတ်လုပ်သည့် တွဲများဖြစ်သည်။ လူစီးတွဲနှင့်စက်ခေါင်းများ ကိုယ်ပိုင်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းများကို နှစ်စဉ်လျာထားချက်ပြည့်မီအောင် အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုဖွင့်လှစ်သည့် ရန်ကုန်-ပြည် ရထားလမ်းပိုင်း ၁၆၁ မိုင်တွင် လမ်းပိုင်း တောင့်တင်းကြံ့ခိုင်ရန်အတွက် သစ်သားဇလီဖားများအစား ကွန်ကရစ်ဇလီဖားများ ထည့်သွင်းလျက်ရှိရာ ထည့်သွင်းရန်လိုအပ်သည့် ကွန်ကရစ်ဇလီဖား ၃၈၀၀၀၀ကျော်အနက် ထပ်မံဖြည့်တင်းရန် ၇၀၀၀၀ ခန့်သာ ကျန်ရှိမည်ဖြစ်သည်။ ရန်ကုန်မြို့ပတ်လမ်း ပိုင်းမှာလည်း ကွန်ကရစ်ဇလီဖားတုံး အပြည့်ဖြည့်ပြီးခြင်းကြောင့် လမ်းပိုင်းများ တောင့်တင်းနေပြီဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ရထားတွဲဆိုင်းသစ်များအား ဇန်နဝါရီ ၁၂ ရက်၌ မော်လမြိုင်-ရန်ကုန် လမ်းပိုင်းတွင် အမှတ်(၃၆) အထူးအမြန်ရထားများအားလည်းကောင်း၊ ဖေဖော်ဝါရီ ၁ ရက်၌ မြစ်ကြီးနား- မန္တလေးလမ်းပိုင်းတွင် အမှတ်(၅၆)အထူးအမြန်ရထားများအားလည်းကောင်း ပြေးဆွဲပေးခဲ့ပြီး ယခုထပ်မံ၍ ရန်ကုန်-ပြည်ရထားလမ်းပိုင်းတွင် အမှတ်(၇၁) အဆန်၊ အမှတ်(၇၂)အစုန်အမြန်ရထားများအား ပြေးဆွဲဖွင့်လှစ်ပေးခြင်းဖြစ်သည်။ မကြာမီ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်ပေးမည့် အမှတ်(၃၇/ ၃၈) အမြန်ရထားများကိုလည်း အသစ်တည်ဆောက်ထားသော တွဲဆိုင်းသစ်များဖြင့် ပြေးဆွဲသွားမည်ဖြစ်သည်။

ရန်ကုန်-ပြည်ရထားလမ်းပိုင်းတွင် ယခုဖွင့်လှစ်ပြေးဆွဲမည့် တွဲဆိုင်းသည် အထက်တန်းနှစ်တွဲ၊ ရိုးရိုးတန်းရှစ်တွဲပါရှိပြီး စီးနင်းနိုင်မည့်ခရီးသည်ဦးရေမှာ ၅၅၆ ဦးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လေကြောင်းဆိုင်ရာအစည်းအဝေးသို့ တက်ရောက်မည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ ပဲခူးမြို့သို့ လေ့လာရေးခရီးလာရောက်

**ပဲခူး စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် 30th ASEAN Air Transport Working Group Meeting (30th ATWG) နှင့် ဆက်စပ် အစည်းအဝေးများသို့ တက်ရောက်မည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များသည် စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက လေကြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ဦး ဦးဆောင်၍ ပဲခူးမြို့သို့ မော်တော်ယာဉ်များဖြင့် လေ့လာရေးခရီး လာရောက်ကြသည်။

ထို့နောက် ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်သို့ ရောက်ရှိလာကြရာ ပဲခူးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သင်းဆွေက ကမ္ဘောဇသာဒီ နန်းတော်ကြီး၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပြီး မြေနန်းပြာသာဒ်ဆောင်နှင့် အဘရာသနပလ္လင်ဆောင် တို့ကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ရွှေမော်ဓောစေတီတော်၊ ရွှေသာလျောင်းဘုရားနှင့် ကျိုက်ပွန်ဘုရားတို့ကို သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**ရွှေဘုန်းအောင်(ပဲခူး)**

# ရွှေရတုအကြိုအထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ် (၅၀)ပြည့် ရွှေရတုအကြို အထိမ်းအမှတ်အဖြစ် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ယနေ့နံနက် ၇ နာရီမှစတင်ကာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးမြင့်ထွေး ဦးဆောင်ပြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများ၊ တိုင်းအကူတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၃) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ခွဲနှင့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (ရန်ကုန်)တို့မှ တပ်ဖွဲ့ဝင်များ၊ ခရိုင်လေးခရိုင်မှ တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၃၀၀ တို့က ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ သူနာပြုဆောင်၊ သူနာပြုသင်တန်းကျောင်းဦးနှောက်နှင့် အာရုံကြောကုသဆောင်၊ နှလုံးကုသဆောင်များ၏ ပတ်ဝန်းကျင်ရှိ ချုံနွယ်ပိတ်ပေါင်းများနှင့် မြက်များအား စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြသည်။

အဆိုပါနေရာသို့ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ တိုင်းအကူတပ်ဖွဲ့ခွဲမှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။**(ယာပုံ)**

**(ကြေးမုံ)**



■

# နိုင်ငံရေးပြေလျော့မှုများနှင့် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များသည် ဒီမိုကရေစီစနစ်အမြစ်တွယ်ရှင်သန်ရေးကို ရည်မှန်းချက်ထားလုပ်ဆောင်ခဲ့ခြင်းဖြစ်

**ရန်ကုန် စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံတွင် လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT)နှင့် နိုင်ငံရေးပါတီများ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငြိမ်းချမ်း ရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန(MPC)၌ ကျင်းပသည်။ **(ယာပုံ)**



UPWC နှင့် NCCT တို့ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင် ရေးလုပ်ငန်းဗဟိုဌာန (MPC)၌ စက်တင်ဘာ ၂၂ ရက်မှ ၂၆ ရက်အထိ ငါးရက်တာကျင်းပခဲ့သည့် ဆဋ္ဌမအကြိမ်မြောက် ညှိနှိုင်းဆွေးနွေးပွဲတွင် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (စတုတ္ထမူကြမ်း) ကို အတည်ပြုနိုင်ခဲ့ပြီးနောက် ယခုကဲ့သို့ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးမှုကို ဒုတိယအကြိမ်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဒုတိယအကြိမ် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ၌ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး ဦးအောင်မင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုကဲ့သို့ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ ဒုတိယအကြိမ်တွေ့ဆုံနိုင်ခြင်းသည် မိမိတို့နိုင်ငံအတွက် သမိုင်းဝင်မည့် ဆွေးနွေးပွဲကြီးတစ်ခုပင်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရလက်ထက်တွင် စတင်ခဲ့သော နိုင်ငံရေးပြေလျော့မှုများနှင့် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များသည် ဒီမိုကရေစီစနစ်အမြစ်တွယ် ရှင်သန်ရေးကို ရည်မှန်းချက်ထားလုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး မှန်ကန်သည့် စိတ်ရင်းစေတနာများထား၍ ရိုးသားစွာလုပ်ဆောင်ကြရန် မူဝါဒများချမှတ်ပေး ခဲ့ပါကြောင်း၊ မိမိတို့ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးဖြစ်စဉ်အား နိုင်ငံရေးဆွေးနွေးပွဲများတွင် နိုင်ငံရေးအင်အားစုများအားလုံး ဆွေးနွေးဖက် အဖြစ် ပါဝင်စေလို၍ ယခုကဲ့သို့သော အကြိုပြင်ဆင်မှုများပြုလုပ်နေရခြင်း ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT)အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာက UPWC နှင့် NCCT တို့ တစ်နိုင်ငံ လုံးဆိုင်ရာ အပစ်အခတ်ရပ်စဲနိုင်ရေးအတွက် ကြိုးပမ်းနေစဉ်ကာလအတွင်း နိုင်ငံရေးပါတီမှခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခွင့်ရခြင်းသည် အခြေ အနေကောင်းတစ်ရပ်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အလိုအပ်ဆုံးအရာသည် တိုင်းရင်းသားများနှင့် လူ့အဖွဲ့အစည်းများအားလုံး အတူတကွအေးအေးချမ်းချမ်း နေထိုင်နိုင်ရေးပင်ဖြစ်ကြောင်း၊ ယင်းသို့နေထိုင်နိုင်ရန် တန်းတူအခွင့်အရေးနှင့် တရားမျှတမှုရှိရန်လိုကြောင်း၊ အကောင်းမွန်ဆုံး အဖြေရှာနိုင်ရန် စနစ်အခြေ အနေ ဖန်တီးပေးလာချိန်တွင် မိမိတို့အနေဖြင့် နိုင်ငံရေးပါတီများ၊ အစိုးရအဖွဲ့ ခေါင်းဆောင်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလိုပါ ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC)အဖွဲ့ဝင်ဦးခင်ရီ၊ NCCT အဖွဲ့ ဒုတိယခေါင်းဆောင် (၁) ဖဒို စောကွယ်ထူးဝင်းနှင့် UPWC အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးသန်းငြေး တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက အသီးသီးဆွေးနွေးခဲ့ကြသည်။ ယင်းဆွေးနွေးပွဲမှ ရရှိလာသည့် ဆွေးနွေးအကြံပြုချက်များကို ပြန်လည်သုံးသပ် တင်ပြ၍ NCCT အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာနှင့် UPWC ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့က နိဂုံးချုပ်စကားပြောကြားပြီး အစည်း အဝေးကို ရုပ်သိမ်းခဲ့သည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ် အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) အဖွဲ့ဝင် လက်နက်ကိုင်တိုင်းရင်းသား ကိုယ်စားလှယ်များသာမက အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း မှခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများ၊ အခြားသက်ဆိုင်ရာ နယ်ပယ်အသီးသီး မှ ကိုယ်စားလှယ်များနှင့် ခေါင်းဆောင်များက လေ့လာသူအဖြစ် တက်ရောက် ခဲ့ကြသည်။

ဒုတိယအကြိမ် ပြုလုပ်သည့် UPWC၊ NCCT နှင့် နိုင်ငံရေးပါတီများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေး ပွဲအခမ်းအနားသို့ တရားဝင်မှတ်ပုံတင်ထားသည့် ပါတီ ၆၇ ခုကို ဖိတ်ကြား ခဲ့ရာ နိုင်ငံရေးပါတီ ၆၁ ခုမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

၂၀၁၄ ခုနှစ် ဩဂုတ် ၁၈ ရက်က ကျင်းပသည့် ပထမအကြိမ် သုံးပွင့် ဆိုင်တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့မှာမူ ယခုပြုလုပ်သည့် ဒုတိယအကြိမ် ဆွေးနွေးပွဲသို့ တက်ရောက်ခြင်းမရှိပေ။

**(သတင်းစဉ်)**

## ဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများနှင့်အဆောင်များ ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၇**


လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်သည် ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည် တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ပညာ သိဒ္ဓိရပ်ကွက်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဓနသိဒ္ဓိရပ်ကွက်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက် နှင့် မင်္ဂလာသိဒ္ဓိရပ်ကွက်တို့ရှိ ဝန်ကြီး ဌာနဝန်ထမ်းအိမ်ရာများနှင့် လူပျို ဆောင်၊ အပျိုဆောင်များသို့ သွားရောက်၍ ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များ၌ ပတ်ဝန်းကျင်သန့်ရှင်း သာယာသပ်ရပ်မှုအခြေအနေ၊ ရာသီ သီးပင်စားပင်၊ ပန်းအလှပင်၊ အရိပ်ရ လေကာပင်များ စိုက်ပျိုးထားရှိမှု အခြေအနေ၊ နေအိမ်ခန်းများ သန့်ရှင်းမှုနှင့် ပတ်ဝန်းကျင်ရှိ ရေနုတ် မြောင်းများ၊ ရေစီးရေလာကောင်းမွန်မှု ရှိ/မရှိ အခြေအနေများကိုလှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဝန်ထမ်းများ ၏ ကျန်းမာရေး၊ နေထိုင်ရေးနှင့် လူမှုရေးဆိုင်ရာ အခက်အခဲများ မေးမြန်း၍ လုံခြုံရေးအသိဖြင့် အိမ်ရာ စည်းကမ်းများအတိုင်း စနစ်တကျ နေထိုင်ရေး၊ တိုက်ပတ်ဝန်းကျင်စိမ်းလန်း သာယာရေး ဝိုင်းဝန်းဆောင်ရွက်သွား ကြရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**









# အချင်းချင်း မေတ္တာတရားထားရှိကြ၍ မေတ္တာကမ္ဘာဖြင့် ဆက်ဆံကျင့်သုံးဆောက်တည်သင့်

### ၁၅-၉-၂၀၁၄ ရက်နေ့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် ဖလုံစဝေါ် ဒီမိုကရက်တစ်ပါတီက တင်ပြသည့်စာတမ်း

လူခပ်သိမ်းတို့၏ မျိုးရိုးဂုဏ်သိက္ခာနှင့်တကွ လူတိုင်းအညီအမျှ ခံစားပိုင်ခွင့်ရှိသည့် အခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် လူခပ်သိမ်းတို့၏-

(၁) လွတ်လပ်မှု

(၂) မျှတမှု

(၃) ငြိမ်းချမ်းမှုတို့၏ အခြေခံဒီမိုကရေစီအုတ်မြစ်ဖြစ်သည်။

လောက၌ လူမှုအခွင့်အရေးများကို အလေးထားရမည်။ မထီမဲ့မြင် မပြုရ။ လေးစားပြုပြင်ခြင်းဖြင့် လူသားအားလုံးတို့၏ အကျင့်သိက္ခာကို လေးမြတ်တန်ဖိုးထားရမည်။ မဖျက်ဆီးရ၊ ရက်စက်ကြမ်းကြုတ်ခြင်းမပြုရ။ လွတ်လပ်စွာ ဖွင့်ဟပြောဆိုနိုင်မှု၊ လွတ်လပ်စွာ သက်ဝင်ယုံကြည်မှု၊ လွတ်လပ်စွာ အသက်မွေးမြူနိုင်မှုရှိရမည်။ ကြောက်ရွံ့ခြင်း၊ ချို့ငဲ့ခြင်းကင်းရမည်။ မတရားသဖြင့် ခံစားရသော လောဘမဖြစ်စေဘဲ လူခပ်သိမ်းတို့၏ လိုလားချက် အပြည့်အဝဖြစ်သော ငြိမ်းချမ်းရေးကို ရယူခံစားနိုင်စေမည့် လောကတစ်ခု ပေါ်ပေါက်စေရန် ကောင်းမွန်မြင့်မြတ်သောဆန္ဒဖြင့် ကြွေးကြော်ကြေညာခြင်းဖြစ်သည်။

အကျွန်ုပ်တို့ လူ့အဖွဲ့အစည်းအသီးသီးတွင် မိမိတို့၏ ကိုယ်ပိုင်အမြင် ရှိကြသည်။ ကိုယ်ပိုင်ခံယူချက်လည်းရှိကြသည်။ ကိုယ်ပိုင်အမြင်၊ ကိုယ်ပိုင်ခံယူချက်ဖြင့် အရာခပ်သိမ်းကို သုံးသပ်ရှုမြင်တတ်ကြသည်။ ယနေ့ ကမ္ဘာ့လူမှုအဖွဲ့အစည်းတိုင်းကို ကြည့်မည်ဆိုပါက အသိပညာခေါင်းပါးမှု၊ ရောဂါဘယ ထူပြောမှုနှင့် ပင်ပန်းခက်ခဲစွာ လုပ်ကိုင်စားသောက်နေထိုင်ရမှုတို့သည် မမှန်ကန်သော နိုင်ငံရေးမူဝါဒ၊ နည်းလမ်းမမှန်သော ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ဖြစ်သည်ဆိုသည်မှာ ငြင်းဆန်ရန်ခက်ခဲသည်။ ထို့ကြောင့်လည်း လူမှုအဖွဲ့အစည်း၌ ပဋိပက္ခနှင့် ပြဿနာများ ထူပြောလာခဲ့ခြင်းဖြစ်သည်။ တစ်နည်း လူမှုအဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်မှုပြိုကွဲလာခြင်းဖြစ်သည်။ လူမှုရေးအဆောက်အအုံကြီးတစ်ခုလုံးအတွက် အန္တရာယ်ကြီးဖြစ်လာသည်။

ယနေ့တိုးတက်မှုဖြစ်ထွန်းလာသော လူမှုကမ္ဘာတွင် အဖျက်သဘောဆောင်သည့် တိုးတက်မှုဖြင့် လွဲမှားနေမှန်းမသိကြပေ။ စင်စစ်အကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းသည် လူသားတို့၏ ယဉ်ကျေးမှုကို အခြေမပြုခဲ့ကြသည်မှာ ကြာမြင့်ပြီး ဖြစ်သည်။ အတ္တဆန်သည်။ ပြိုင်ဆိုင်သည်။ ယဉ်ကျေးမှုဖျက်သည်။ ဩဇာလွှမ်းမိုးသည်။ ရှုပ်ထွေးမှုပြုသည်ဆိုသော အချက်များသည် လူ့အဖွဲ့အစည်းအတွင်း ညီညွတ်မှုကို ပျက်စီးစေခြင်းဖြစ်၏။ လူ့အဖွဲ့အစည်းသည် ညီမျှသော ကြိုးစားအားထုတ်ခြင်းဖြစ်၏။ အမှန်တရားဖြင့် ကြိုးစားအားထုတ်ခြင်းဖြစ်၏။

ယနေ့ကမ္ဘာပေါ်တွင်မြင်တွေ့ရသော တိုးတက်ဖွံ့ဖြိုးမှု(သို့မဟုတ်) ပြောင်းလဲမှုအားလုံးတို့သည် သမလောဘစိတ်ဖြင့် ပြောင်းလဲခြင်းမဟုတ်၊ ရန်လိုမုန်းတီးစိတ်မကင်းဘဲ ယှဉ်ပြိုင်အနိုင်ယူခြင်းနှင့်လည်း မကင်းပေ။ ဤအပြုအမူတို့ကြောင့် တစ်ကမ္ဘာလုံး၌ ဆိုးကျိုးများသက်ရောက်စေကြောင်း ဖော်ပြနေ၏။ ရာသီဥတုဖောက်ပြန်ခြင်း၊ ရေထုညစ်ညမ်း အဆိပ်ဖြစ်ခြင်းတို့ဖြစ်ပေါ်ခြင်း၊ သစ်တောပြုန်းတီးခြင်း၊ မျိုးရိုးဗီဇသုဉ်းခြင်းနှင့် လူ့ယဉ်ကျေးမှုတရား ပျက်သုဉ်းခြင်းတို့သည် နည်းပညာအမျိုးမျိုးနှင့် စီးပွားရေးစနစ်ပြောင်းလဲပြုပြင်မှုအမျိုးမျိုးတို့ကြောင့် ဖြစ်ပေါ်ခံစားရသော ဆိုးကျိုးများ ဖြစ်သည်။ ဤပြဿနာအမျိုးမျိုးသည် လက်ဝဲလက်ယာ နိုင်ငံရေးဝါဒီကြောင့်ဟု အပြစ်မမြင်ဘဲ သဟဇာတရှိသော ပွဲကိုင်ထိန်းသိမ်းတတ်ရမည်ကိုသာ သတိချပ်၍ ဆင်ခြင်ရမည်။

သဟဇာတမရှိသော ပွဲကိုင်ခြင်းကြောင့် တရားလက်လွတ် နှိပ်စက်ကလူပြုမှု၊ အုပ်စိုးမှုနှင့် ဖိစီးညှဉ်းပန်းမှုများ များပြားလာသည်။ လက်နက်စွဲကိုင်တော်လှန်ခြင်း၊ ပုန်ကန်ခြင်း၊ အချင်းချင်း ညှဉ်းပန်းနှိပ်စက်ကြခြင်း၊ ရက်စက်ကြမ်းကြုတ်စွာ သနားကြင်နာမှုကင်းကြခြင်း၊ ယုတ်မာစွာ အပြစ်ပေးကြခြင်းတို့သည် ဥပဒေဖြင့် ထိန်းသိမ်းကာကွယ်ခြင်းမဟုတ်၊ လူမှုကြီးပွားရေးကို ဖျက်ဆီးသည်မည်၏။ လူတိုင်း၌ တူညီလွတ်လပ်သော အခွင့်အရေးရှိရမည်။ ဉာဏ်နှင့် ကျင့်ဝတ်သိတတ်သော အသိတရားရှိကြသည်ကြောင့် အချင်းချင်း မေတ္တာတရားထားရှိကြ၍ မေတ္တာကမ္ဘာဖြင့် ဆက်ဆံကျင့်သုံးဆောက်တည်သင့်၏။

လောက၌ လူမျိုး၊ အသားအရောင်၊ သွေး၊ ကျား၊ မ၊ သဘာဝ၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ နိုင်ငံရေးယူဆချက်၊ အခြားသောယူဆချက်၊ နိုင်ငံနှင့်ဆိုင်သော လူမှုအဆင့်အတန်း၊ ဇာစ်မြစ်၊ ပစ္စည်းဥစ္စာ၊ ဂုဏ်သတ္တိ၊ မျိုးရိုးဇာတိ စသည်တို့သည် အဆင့်အတန်းအားဖြင့် ခွဲခြားခြင်းမရှိရ။ နယ်မြေကို ပိုင်းခြား၍ လူသားတို့ကို မောင်းနှင်ခြင်း၊ ကျေးကျွန်ပြုခြင်း၊ အစေအပါးပြုခြင်း၊ နိုင်ထက်စီးနင်းပြုခြင်း၊ မတရားခိုင်းစေခြင်း၊ ကုန်ပစ္စည်းကဲ့သို့ ရောင်းဝယ်ခြင်းနှင့် ထိုသဘောတရားကဲ့သို့ သက်ရောက်သော လုပ်ငန်းဟူသမျှ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအရ တားမြစ်သည်။

လူတိုင်း၌ လူ့ဘဝအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေးနှင့် လုံခြုံစိတ်ချရမှု အခွင့်အရေးများရှိရမည်။ မည်သူ့ကိုမျှ ညှဉ်းပန်းနှိပ်စက်ခြင်းမပြုရ။ ရက်စက်ကြမ်းကြုတ်စွာ၊ အသနားကင်းမဲ့စွာ၊ ယုတ်မာစွာမပြုရ။ အပြစ်နှင့်မတူညီသော အပြစ်ဒဏ်မပေးရ၊ လူတိုင်းတွင် ဥပဒေအရာ၌ လူပုဂ္ဂိုလ်တစ်ဦးအဖြစ်ဖြင့် အရာခပ်သိမ်းတွင် အသိအမှတ်ပြုခြင်းကို ခံယူပိုင်ခွင့်ရှိရမည်။ ဥပဒေအရာ၌ တူညီကြရမည်။ ဥပဒေ၏ အကာအကွယ်ခြားနားခြင်းမရှိရ။ တူညီစွာ ခံစားပိုင်ခွင့်ရှိရမည်။ လူသားဝါဒကို ဖီဆန်၍ ခွဲခြားခြင်းမပြုရ။ လှုံ့ဆော်ခြင်းကင်းလွတ်ရမည်။ အကာအကွယ်ကို တူညီစွာခံစားပိုင်ခွင့်ရှိရမည်။

လောက၌ မည်သည့်အကျိုးအာနိသင်များ၌မဆို လွတ်လပ်စွာ ခံစားခွင့်၊ သုံးစွဲခွင့်ရှိသည်ဟူသော အခွင့်အရေးအတွက် လူတိုင်းသည် အကျိုးကျေးဇူးကို ခံစားနိုင်ခွင့် လွတ်လပ်စွာ တိုးတက်နိုင်သော လူ့အသိုက်အဝန်းအတွက် အခွင့်အရေးများနှင့် လွတ်လပ်ရေးများကို မည်သည့်ဥပဒေမျှဖြင့် မဆန့်ကျင်ဘဲ

(က) လွတ်လပ်ရေး

(ခ) ညီညွတ်ရေး

(ဂ) မျှတရေး တရားသုံးပါးကို နှလုံးသွင်းလျက် တစ်ကမ္ဘာလုံး၌ ဒီမိုကရေစီကျင့်စဉ်ကောင်း ပြည့်စုံထွန်းကားပါစေဟု ဆန္ဒရှိပါသတည်း။



## အီဘိုလာရောဂါစောင့်ကြည့်စစ်ဆေးမှု မောတောင်နယ်စပ်ဂိတ်၌ ဆောင်ရွက်

**တနင်္သာရီ စက်တင်ဘာ ၂၇**

တနင်္သာရီမြို့နယ် မောတောင်နယ်စပ်တွင် အီဘိုလာရောဂါကူးစက်ပျံ့နှံ့မှုမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနတို့၏ လမ်းညွှန်ချက်အရ မောတောင်ဒေသကွပ်ကဲရေးမှူး တနင်္သာရီမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၏ ကြီးကြပ်မှုဖြင့် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် သိန်ခွန်းကျေးရွာအုပ်စု မောတောင်နယ်စပ် (မြန်မာ-ထိုင်း) လူဝင်/လူထွက် ဘန်စင်ခွန်းဂိတ်တွင် စက်တင်ဘာ ၂၀ ရက် နံနက် ၇ နာရီခွဲမှစ၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူးစောမော်စီထွန်းနှင့် ဆရာဆရာမများ၊ မြိတ်ခရိုင်ငှက်ဖျားကြီးကြပ်ရေးမှူး ဦးလှဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် ဇိဝကကျန်းမာရေးစောင့်ရှောက်မှုကွန်ရက်အဖွဲ့ဝင်များ၊ မောတောင်ဒေသရာအိမ်မှူးများပါဝင်သော အီဘိုလာရောဂါ ကြည့်ရှုစောင့်ကြပ်ရေးအဖွဲ့က နယ်စပ်ဂိတ်၌ လူအဝင်/အထွက် တစ်ဦးချင်းစီအားမေးမြန်းခြင်း၊ အပူချိန်တိုင်းတာခြင်း၊ ငှက်ဖျားပိုးရှိ/မရှိ သွေးဖောက်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၎င်းအီဘိုလာ ကြည့်ရှုစောင့်ကြပ်ရေးအဖွဲ့သည် စက်တင်ဘာ ၂၀ ရက်မှစ၍ နေ့စဉ်ဂိတ်ဖွင့်ချိန် မြန်မာစံတော်ချိန် နံနက် ၇ နာရီခွဲ (ထိုင်းစံတော်ချိန်နံနက် ၈ နာရီ)မှ ညနေပိုင်း မြန်မာစံတော်ချိန် ၅ နာရီခွဲ (ထိုင်းစံတော်ချိန် ၆ နာရီ)အထိ ယခုကဲ့သို့ အီဘိုလာရောဂါနှင့် ပတ်သက်၍ သံသယရှိ/မရှိကို နေ့စဉ်ကွင်းဆင်းကြည့်ရှုစောင့်ကြပ်စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးမှူး စောမော်စီထွန်း၏ ပြောပြချက်အရ သိရသည်။

**နန်းသာရီ-ထိန်ဝင်း (ပြန်/ဆက်)**

## အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း စိတ်ဝင်စားမှုပိုမိုများပြားလာ

**ရန်ကုန် စက်တင်ဘာ ၂၇**

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေ၊ ထင်သာမြင်သာပွင့်လင်းလာသည့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်ခိုင်မာလာမှုတို့ကြောင့် မိမိနိုင်ငံတွင်းသို့ ပြည်ပနိုင်ငံများမှ သံတမန်အကြီးအကဲများ၊ စီးပွားရေးရာလုပ်ငန်းရှင်ကြီးများနှင့် ပညာရေး၊ လူမှုရေးဆိုင်ရာ ပြည်ပဧည့်သည်အများအပြားသည် လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းဝင်ပေါက်တို့မှ တရားဝင် ဝင်ရောက်နေကြသည်မှာ နေ့စဉ်နှင့်အမျှပင်ဖြစ်သည်။

ဝင်ရောက်လာကြသည့် ပြည်ပဧည့်သည်များ၏ အရေးအရာများကို ညှိနှိုင်းဖြေရှင်းနိုင်ရန် သံတမန်ရေးရာကျွမ်းကျင်မှုသည် အထူးအရေးပါလာသည်။ ယင်းကြောင့် ယခုအခါ သက်ကြီးပိုင်းသာမက စီးပွားရေး၊ လူမှုရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်နေကြသည့် လူငယ်၊ လူရွယ်၊ လူလတ်များ၊ နိုင်ငံတကာရေးရာစိတ်ဝင်စားကြသူများကပါ နိုင်ငံခြားရေးဝန်ကြီးဌာနက ဖွင့်လှစ်ပို့ချသည့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းအပေါ် စိတ်ဝင်စားမှုပိုမိုများပြားလာပြီး တက်ရောက်သင်ယူလေ့လာကြသူများ များလာသည်ကိုတွေ့ရသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၀ ပြည့်နှစ် ဇူလိုင် ၃ ရက်က အမှတ်စဉ် (၁)ဖြင့် စတင်ဖွင့်လှစ်ခဲ့သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း (Certificate Course In Basic Diplomatic Skills)သည် ယခုအခါ အမှတ်စဉ် (၃၃)ထိ ပြီးမြောက်ခဲ့ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၆၃၂ ဦးကို ပြုစုပျိုးထောင်မွေးထုတ်ပြီး ဖြစ်သည်။ ယခု ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း ဖွင့်လှစ်မည့် သင်တန်းအမှတ်စဉ် (၃၄)အတွက် တက်ရောက်သင်ကြားလိုသူ သင်တန်းသားများထံမှ လျှောက်လွှာများ ခေါ်ယူနေပြီဖြစ်သည်။

အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းတွင် သံတမန်ရေးရာ (Protocol)၊ အပြည်ပြည်ဆိုင်ရာ ညီလာခံနှင့် အစည်းအဝေးကျင်းပခြင်း (International Conferancing)၊ သံတမန်စာပေးစာယူ ဆက်သွယ်မှု (Diplomatic Correspondence)၊ စေ့စပ်ပြောဆိုမှု နည်းလမ်းများ (Negotiating Techniques) စသည့် ဘာသာရပ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ အငြိမ်းစားသံအမတ်ကြီးများ၊ ဝါရင့်သံတမန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကျွမ်းကျင်သူ ပညာရှင်များကိုယ်တိုင် ပို့ချပေးကြမည်ဖြစ်သည်။

အဆိုပါ အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၃၄)ကို ရန်ကုန်မြို့ ပြည်လမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန "မဟောသဓာ" ခန်းမဆောင်၌ ရက်သတ္တ ၁၂ ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်သည်။ နိုင်ငံတကာရေးရာကိစ္စရပ်များတွင် စိတ်ဝင်စားသူများ၊ နိုင်ငံတကာနှင့် ဆက်ဆံမှုရှိသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီဒါရိုက်တာများ၊ ဝန်ထမ်းများ စာရင်းပေးသွင်းတက်ရောက်နိုင်ပြီး တက်ရောက်လိုသူများသည် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီးသူဖြစ်ရမည်။ (စီးပွားရေးလုပ်ငန်းရှင်များအတွက် ပညာအရည်အချင်းကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားမည်ဖြစ်သည်။)

သင်တန်းလျှောက်လွှာများကို နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန၌ စတင်လက်ခံနေပြီဖြစ်သည်။ သင်တန်းသားဦးရေ ကန့်သတ်ထားသည်ဖြစ်ရာ လျှောက်လွှာများကို အောက်တိုဘာ ၁၀ ရက် နောက်ဆုံးထားလက်ခံမည်ဖြစ်ကြောင်း၊ သင်တန်းနှင့်စပ်လျဉ်း၍ အသေးစိတ်ကို ရန်ကုန်မြို့ ပြည်လမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန သင်တန်းကြီးကြပ်မှုကော်မတီ ဖုန်း-၂၂၁၅၃၁၊ ၂၂၁၅၃၇ နှင့် ၂၂၂၀၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု ပညာရပ်ကို စိတ်ဝင်စားမှု ပိုမိုများပြားလာခြင်းသည် နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံနေရသည့် နိုင်ငံတော်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် အရေးအရာအားလုံးတို့ ဖွံ့ဖြိုးတိုးတက်လာစေရန်ဟူသော ပုံရိပ်ကောင်းတစ်ခုပင်ဖြစ်သည်ဟု ယုံကြည်မျှော်လင့်ပါသည်။ **(ကိုချစ်)**

တန်ဖိုးရှိလှ လူငယ်ဘဝ
မူးယစ်ကင်းစင် ကျန်းမာမှ



## ပြည်တွင်းရေးရာ

○ တပ်မတော်မှ

မေ ၂၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့စစ်ဦးစီးချုပ်နှင့် ဇနီးတို့နှင့်အတူ Kamakuraဘုရားသို့ နံနက် ၁၁ နာရီတွင် ရောက်ရှိပြီး ဘုရား၌ ပန်း၊ ရေချမ်း၊ အမွှေးတိုင်တို့အား ဆက်ကပ်လှူဒါန်းဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Tokyo Bay Aqua-Line ပင်လယ်ရေအောက်ဥမင်အတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ မွန်းလွဲ ၂ နာရီတွင် Umihotaru Man-made Island ရှုခင်းသာသို့ ရောက်ရှိရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် Umihotaru ရှိ Umi-megane Museum သို့ ရောက်ရှိ၍ ဥမင်တည်ဆောက်ခဲ့ပုံ အဆင့်ဆင့်အား လေ့လာခဲ့ကြသည်။

တိုကျိုပင်လယ်ကွေ့အဝေးပြေးလမ်းဟု လူသိများသော Tokyo Bay Aqua-Line ဥမင်သည် ပင်လယ်ရေမျက်နှာပြင်အောက် ၄၅ မီတာ အနက်တွင် တည်ဆောက်ထားသော ပင်လယ်ရေအောက်ဥမင်လိုဏ်ခေါင်းဖြစ်ပြီး Kanagawa ခရိုင် Kawasaki မြို့နှင့် Chiba ခရိုင် Kisarazu မြို့အကြား ဆက်သွယ်ဖောက်လုပ်ထား၍ တံတားအရှည် ၄ ဒသမ ၄ ကီလိုမီတာနှင့် ပင်လယ်ရေအောက် ဥမင်လိုဏ်ခေါင်းအရှည် ၉ ဒသမ ၅ ကီလိုမီတာ ရှည်လျားသည်။ ထိုပင်လယ်ရေအောက် ဥမင်လိုဏ်ခေါင်းအား ၁၉၉၇ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

(မြဝတီ)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Skytree မျှော်စင်ပေါ်မှ တိုကျိုမြို့၏ ရှုခင်းကို ကြည့်ရှုလေ့လာစဉ်။ (မြဝတီ)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် စက်တင်ဘာ ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာ ၂၇ ရက် ဒေသစံတော်ချိန် ည ၇ နာရီတွင် "Happo-en" garden ဂျပန်ရိုးရာစားသောက်ဆိုင်၌ The Nippon Foundation ဥက္ကဋ္ဌ Mr.Yohei SASAKAWA က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ညစာစားပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဂျပန်နိုင်ငံရေးပါတီများ၏ ခေါင်းဆောင်အချို့၊ The Nippon Foundation ဥက္ကဋ္ဌ Mr.Yohei SASAKAWA နှင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Hideo WATANABE တို့တက်ရောက်ကြပြီး ညစာအတူတကွ သုံးဆောင်ကြသည်။ ညစာသုံးဆောင်စဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ဆက်ဆံရေးတိုးမြှင့်လုပ်ဆောင်ရန်ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ညစာစားပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဂျပန်နိုင်ငံရေးပါတီများ၏ ခေါင်းဆောင်အချို့နှင့် The Nippon Foundation ဥက္ကဋ္ဌတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး အဖွဲ့ဝင်များနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် The Nippon Foundation ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာ ၂၇ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၄၅ မိနစ်တွင် တိုကျိုမြို့ရှိ New Otani Hotel ရှိ Akebono ခန်းမ၌ The Nippon Foundation ဥက္ကဋ္ဌ Mr. Yohei SASAKAWA အား လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြပြီး The Nippon Foundation ဥက္ကဋ္ဌ၊ ဂျပန်-မြန်မာချစ်ကြည်ရေး အသင်းဥက္ကဋ္ဌ Mr.Hideo WATANABE နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာများနှင့် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

❒ ကျောဖုံးမှ

သို့ရာတွင် ပွဲကစားချိန် ၃၇ မိနစ်တွင် ဝက်စ်ဟမ်းတိုက်စစ်မှူး ဆာခို၏ သွင်းဂိုးဖြင့် ဧည့်သည်ဝက်စ်ဟမ်းအသင်း ချေပဂိုးပြန်လည်ရရှိခဲ့သည်။ ထို့နောက် အနိုင်ဂိုးများသွင်းယူနိုင်ရေးအတွက် ကြိုးစားရင်း မန်ယူအသင်းအတွက် ပထမဆုံးသော ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည့် တိုက်စစ်မှူး ရွန်းနီသည် ဝက်စ်ဟမ်းကစားသမား ဒေါင်းနင်းအား ကြမ်းတမ်းစွာကစားခဲ့မှုကြောင့် ပွဲကစားချိန် မိနစ် ၆၀ တွင် တိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခံခဲ့ရပြီးနောက် တိုက်စစ်ပိုင်း အားပြုကစားသည့်ပုံစံမှတစ်ဆင့် ကွင်းလယ်နှင့် နောက်တန်းဦးစားပေးပုံစံသို့ ပြန်လည်ပြောင်းလဲကာ ကစားခဲ့ရသည်။ ထို့နောက် မန်ယူအသင်းသည် ရရှိထားသည့် အနိုင်ရလဒ်ကို ဆက်ထိန်းထားနိုင်ရေးအတွက် ပွဲကို ထိန်းကစားခဲ့ရပြီး နောက်ပိုင်းမိနစ်များတွင် ရွန်းနီ ထုတ်ပယ်ခဲ့ရသည့်မန်ယူအသင်းအနေဖြင့် ဝက်စ်ဟမ်းအသင်း၏ ဖိအားပေးကစားမှုများကို ခံခဲ့ရသော်လည်း သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ခဲ့၍ မန်ယူအသင်းက ဝက်စ်ဟမ်းအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ သုံးမှတ်အပြည့်ရယူနိုင်ခဲ့သည်။ **(နိုင်လင်းကြည်)**





ပူတာအိုလေဆိပ်၌ တွေ့ရသော B4 ရဟတ်ယာဉ်တစ်စင်း။

# ပျောက်ဆုံးတောင်တက်အဖွဲ့ဝင်နှစ်ဦးကို ရှာဖွေသည့် အဖွဲ့သို့ ရိက္ခာပို့ရဟတ်ယာဉ် အဆက်အသွယ်ပြတ်တောက်

**ရန်ကုန် စက်တင်ဘာ ၂၇**

ခါကာဘိုရာဇီတောင်သို့ တက်ရောက်ရင်း ပျောက်ဆုံးနေသော တောင်တက်အဖွဲ့ဝင်နှစ်ဦးကို ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်နေသည့် အဖွဲ့သို့ ရိက္ခာပို့သွားသည့် ထိုင်းနိုင်ငံမှ ရဟတ်ယာဉ်တစ်စင်းသည် စက်တင်ဘာ ၂၇ ရက်တွင် အဆက်အသွယ်ပြတ်တောက်နေကြောင်း သိရသည်။

၎င်းရဟတ်ယာဉ်မှာ ထိုင်းနိုင်ငံ Advance Aviation မှ B4 ရဟတ်ယာဉ်အမျိုးအစားဖြစ်ပြီး၊ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်နေသောအဖွဲ့ အခြေစိုက်စခန်းတည်ရာ တဟွန်ဒမ်းကျေးရွာသို့ သွားရောက်ရိက္ခာပို့ရင်း မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် အဆက်အသွယ်ပြတ်တောက်သွားခဲ့ခြင်း ဖြစ်သည်။

ရဟတ်ယာဉ်ပေါ်တွင် ထိုင်းနိုင်ငံမှ ရဟတ်ယာဉ်မှူး Mr. Chat Chawal၊ မြန်မာလူမျိုးရဟတ်ယာဉ်မှူး ဦးအောင်မြတ်တိုးနှင့် ကျွမ်းကျင်တောင်တက်သမား ဦးနမားဂွန်ဆင်၏ တူဖြစ်သူ ဦးရွှေရင်တော်ကြီးတို့ ပါဝင်လိုက်ပါသွားခဲ့ကြသည်။

အဆိုပါ ရဟတ်ယာဉ်သည် ပူတာအိုလေဆိပ်မှ စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ပုံသန်းထွက်ခွာသွားပြီး မိနစ် ၂၀ ခန့် အကြာတွင် အဆက်အသွယ်ပြတ်တောက်သွားခြင်းဖြစ်ပြီး ယခုအချိန်အထိ အဆက်အသွယ်ပြန်လည်မရရှိသေးချေ။

ထူးဖောင်ဒေးရှင်း နာယက ဦးတေဇနှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် အဆက်အသွယ်ပြတ်တောက်နေသော ရဟတ်ယာဉ်နှင့် ပြန်လည်အဆက်အသွယ်ရနိုင်စေရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ကယ်ဆယ်ရေးရဟတ်ယာဉ် အဆက်အသွယ် ပြတ်တောက်နေကြောင်းကို သက်ဆိုင်ရာသို့ ဆက်သွယ်အကြောင်းကြားထားကြောင်း သိရသည်။

**(ထူးဖောင်ဒေးရှင်း)**

# Foundations of Journalism and Radio Journalism Basics Workshop ကျင်းပပြီးစီး

**နေပြည်တော် စက်တင်ဘာ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် RFA တို့ ပူးပေါင်း၍ Foundations of Journalism and Radio Journalism Basics Workshop ပိတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ Radio Free Asia(RFA) မှ President Ms.Libby Liu နှင့် Prague Freedom Foundation (PFF) ဥက္ကဋ္ဌ Mr.Pavel Fischer တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ Radio Free Asia (RFA) မြန်မာပိုင်း အစီအစဉ်မှ ဝါရင့်အယ်ဒီတာ ဆရာဦးခင်မောင်စိုးက သင်တန်းနှင့်ပတ်သက်၍ သုံးသပ်ပြောကြားပြီး RFA နှင့် PFF တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူတို့က သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

Foundations of Journalism and Radio Journalism Basics Workshop ကို စက်တင်ဘာ ၁၅ ရက်မှ ယနေ့အထိ နှစ်ပတ်ကြာ သင်တန်းပို့ချခဲ့ပြီး အသံလွှင့်ဌာနခွဲ၊ ရုပ်မြင်ဌာနခွဲ၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းနှင့် တိုင်းရင်းသား (အသံလွှင့်)တို့မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၀ တက်ရောက်ခဲ့သည်။

သင်တန်းတွင် သတင်းရေးသားပုံ ရေးသားနည်းများ၊ သတင်းထောက်များလိုက်နာသင့်သည့် အချက်များ၊ စာနယ်ဇင်းကျင့်ဝတ်များ၊ ရုပ်သံထုတ်လွှင့်မှုပိုင်းဆိုင်ရာ အခေါ်အဝေါ်များ၊ အသံဖမ်းခြင်း၊ အသံတည်းဖြတ်ခြင်းများ၊ တွေ့ဆုံမေးမြန်းခန်းများ၊ ပြင်ပသတင်းရယူထုတ်လွှင့်မှုများ စသည့် သင်ခန်းစာများကို စာတွေ့လက်တွေ့ သင်ကြားခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**Foundations of Journalism and Radio Journalism Basics Workshop ပိတ်ပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)




**မြန်မာ့ဘောလုံးတိုးတက်ရေးကို အထောက်အကူပြုရန်အတွက် ချယ်လ်ဆီး ဘောလုံးအကယ်ဒမီမှ နည်းပြတစ်ဦး မြန်မာလူငယ်ကစားသမားများအား ဘောလုံးပညာသင်ကြားပေးစဉ်။**

# ချယ်လ်ဆီးဘောလုံးအကယ်ဒမီမှနည်းပြများ စတင်သင်ကြား

မြန်မာ့ဘောလုံးတိုးတက်ရေးကို အထောက်အကူပြုရန်အတွက် ပရီမီယာလိဂ်ထိပ်သီးကလပ် ချယ်လ်ဆီး ဘောလုံးအကယ်ဒမီမှ နည်းပြအဖွဲ့ဝင်သုံးဦးသည် ယနေ့နံနက်ပိုင်းမှစ၍ သုဝဏ္ဏမြက်ခင်းတုကွင်းတွင် မြန်မာလူငယ်ဘောလုံးသမားများကို စတင်သင်ကြားပေးလျက်ရှိသည်။

ချယ်လ်ဆီးဘောလုံးအကယ်ဒမီမှ ဂိုးနည်းပြ ဒေးဗစ်ပေါ်လ်မွန့်ခ် ဦးဆောင်၍ နည်းပြအဖွဲ့ဝင်များဖြစ်သည့် ခရစ်အာ ရွှန်ဂျိမ်းစ်နှင့် အန်ဒရူး ပက်ထရစ်တို့သည် နံနက် ၉ နာရီမှစ၍ မြန်မာလူငယ်ကစားသမားများကို သင်ကြားပေးခဲ့ခြင်း ဖြစ်သည်။ အခြေခံဘောလုံးနည်းစနစ်များ အပါအဝင် ဘောလုံးပေးပို့မှု၊ ဘောလုံးအထိန်းအသိမ်း၊ ဂိုးသွင်းနည်းများကိုပါသင်ကြားပေးလျက်ရှိသည်။

"အချိန်တိုအတွင်းမှာ သင်ကြားရတာဖြစ်ပေမယ့် အတွေ့အကြုံကောင်းတွေအများကြီးရရှိပါတယ်။သူတို့က ကမ္ဘာကျော် ကလပ်အသင်းမှာ လုပ်ဆောင်နေတဲ့သူတွေ ဖြစ်တာကြောင့် နည်းစနစ်ပိုင်း ကြွယ်ဝပါတယ်။ သူတို့လေ့ကျင့်ပေးခဲ့တဲ့ လေ့ကျင့်ခန်းအစီအစဉ်ကို ကိုယ်ပိုင်အစီအစဉ်နဲ့ နေ့စဉ် လေ့ကျင့်ရင် ပိုတိုးတက်လာမယ်လို့ ထင်ပါတယ်။ ဒီလို ပြည်ပက နည်းပြတွေများများလာရင် ကစားသမားတွေ ပိုပြီးတိုးတက်လာမှာပါ" ဟု ဘောလုံးပညာလာရောက်သင်ယူသော ဘောလုံးသမားတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ ချယ်လ်ဆီးဘောလုံး အကယ်ဒမီမှ နည်းပြဆရာများသည် စက်တင်ဘာ ၂၈ ရက်တွင်လည်း သင်ကြားမှုများပြုလုပ်သွားမည်ဖြစ်သည်။

**❁ ထိန်ပင်မှ**

စွန့်ပစ် ရပါကြောင်း၊ အဆိုပါမြေနေရာမှာ ဧရိယာအားဖြင့် ဧက ၁၅၀ ရှိပါကြောင်း၊ လက်ရှိအသုံးပြုပြီးသည့် မြေနေရာဧရိယာ ဧက ၇၀ အသုံးပြုပြီးသွားပြီဖြစ်ကြောင်း၊ ကျန်ရှိသည့် မြေနေရာ ဧက ၈၀ အား ကိုရီးယား CHASSON INTERNATIONAL KOREA ကုမ္ပဏီနှင့် လျှပ်စစ်စွမ်းအား ထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ ထားဝယ်ချောင်အမှိုက်ပုံမြေနေရာ၌ တန် ၆၀၀ ကျသည့် အမှိုက်မီးရှို့စက်ကို တည်ထောင်ရန် အတွက် ZEYA AND ASSOCIATE ကုမ္ပဏီနှင့် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်းဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းပြခဲ့သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ လက်ထောက်ဌာနမှူး ဒေါက်တာအောင်မြင့်မော်က "ဒီထားဝယ်ချောင်အမှိုက်ပုံမြေနေရာမှာ အမှိုက်တန်ချိန် ၆၀၀ ကို နေ့စဉ်မီးရှို့မယ်။ မီးရှို့ပြီးတော့မှ ကုမ္ပဏီက လျှပ်စစ်စွမ်းအား တစ်နာရီကို ၁၇ ဒသမ ၄ မဂ္ဂါဝပ်ထုတ်ပြီး နေ့တိုင်းရောင်းမယ်။ ဒီလုပ်ငန်း တစ်ခုလုံးလည်ပတ်ဖို့စနစ်ဆိုရင် BOT စနစ်ဖြစ်တယ်။ အမှိုက်မီးရှို့စက်ရုံကိုလည်း ကုမ္ပဏီက သူတို့ငွေနဲ့ သူတို့ဆောက်မယ်။ သူတို့ပြန်ပြီးရနိုင်တဲ့ငွေဟာ လျှပ်စစ်ရောင်းထားတဲ့ ငွေရှိမယ်။ အဲ့ဒီတော့ လျှပ်စစ် တစ်ယူနစ်ကို ဘယ်လောက်နဲ့ ရောင်းရမယ်ဆိုတာ PPA (Power puchase agreement)ဆိုတာလိုတယ်။ ဒီ PPA ဟာ YCDC က ကိုင်တွယ်ဖြေရှင်းလို့မရဘူး။ ကိုင်တွယ်ဖြေရှင်းတာက ရန်ကုန်မြို့မှာ YESB ရှိတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရှိတယ်။ ဝန်ကြီးဌာနက ဒီထွက်လာတဲ့ လျှပ်စစ်တွေကို ဝယ်မှသာဒီလုပ်ငန်းက သူတို့အတွက်အဆင်ပြေမယ်။

လက်ရှိ PPA အဆင့်ပဲရှိသေးတယ်ဆိုတော့ MIC ကိုမတင်ရသေးဘူး။ တင်ပြီးတာနဲ့ကုမ္ပဏီနှစ်ခုက လုပ်ငန်းစကြလိမ့်မယ်။ လောလောဆယ်ရထားတဲ့ ကုမ္ပဏီတွေက တင်ဒါ အောင်တာတစ်နှစ်ရှိနေပြီ။ ဒါကြောင့် အကြိုအင်ဂျင်နီယာလုပ်ငန်းတွေဖြစ်တဲ့ မြေနေရာတွေ ရှင်းလင်းတယ်။ အဆောက်အအုံတည်ဆောက်မှာဆိုတော့ မြေရဲ့အရည်အသွေးတွေ မာလား၊ ပျော့လားစမ်းသပ်နေတယ်။ စက်ရုံလုပ်မယ့်ပုံတွေကို ရေးဆွဲနေတယ်။ ဘယ်နေရာမှာ ဘာပစ္စည်းချထားမလဲကြည့်နေတယ်။ PPA ကို စောင့်နေရင်းအကြိုလုပ်ငန်းတွေလုပ်နေကြတာပါ။ ဆိုလိုတာက ကုမ္ပဏီနှစ်ခု၊ နေရာနှစ်ခု၊ နည်းပညာလည်း နှစ်ခုဖြစ်သွားတဲ့သဘောပေါ့။ ဒါက မြန်မာနိုင်ငံမှာ ပထမဦးဆုံးအကြိမ်ပြုလုပ်တာမို့ Technology ပိုင်းဆိုင်ရာအရ ရအောင်ရွေးချယ်ခြင်းဖြစ်ပါတယ်" ဟုပြောသည်။

ထိန်ပင်အမှိုက်ပုံနှင့် ထားဝယ်ချောင်အမှိုက်ပုံတို့မှ လျှပ်စစ်စွမ်းအားထုတ်လုပ်နိုင်ရေးအတွက် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် ဧပြီ ၂၇ ရက်က ကုမ္ပဏီ ၄၃ ခုကိုစတင်ခေါ်ယူလိုက်ခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် အဆိုပါကုမ္ပဏီနှစ်ခုအား ရွေးချယ်ခဲ့ခြင်းဖြစ်ရာ လက်ရှိအနေအထားအရ PPA အဆင့်သို့ရောက်ရှိနေပြီ ဖြစ်သောကြောင့် စီမံကိန်းများအကောင်အထည်ဖော်ချမှတ်ဆောင်ရွက်၍ စက်ရုံများတည်ဆောက်ပြီးစီးပါက အဆိုပါမြေနေရာများမှ အနံ့အသက်ဆိုးရွားမှုမှ ကင်းလွတ်ပြီး နေချင့်စဖွယ်မြေနေရာများ ဖြစ်လာနိုင်စရာရှိကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

# မြန်မာနိုင်ငံ ကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း ပထမအကြိမ် ထူးချွန်ကျောင်းသားများအား ဆုချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၂၇**

ယနေ့ မြန်မာနိုင်ငံ၏ ပညာရေးကိုမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အသင်းအဖွဲ့၊ လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီသူတို့သည် ပညာဆည်းပူးရာတွင် ကျောင်းသားများ အခက်အခဲမရှိအောင် ဖောင်ဒေးရှင်းများထူထောင်၍ ပံ့ပိုးကူညီလျက်ရှိသည့်အပြင် ပညာရည်ထူးချွန်သူများကိုလည်း ဂုဏ်ပြုပွဲများကျင်းပကာ ချီးမြှောက်ကြသည်ကိုတွေ့ရသည်။

ယခု မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း၏ ပညာရေးဖောင်ဒေးရှင်းမှလည်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဈေးလမ်း အမှတ်(၇၈/၈၂)ရှိ ရုံးခန်းမ၌ ထူးချွန်ဆုပေးအပ်ပွဲကိုကျင်းပရာ **(အပေါ်ပုံ)**အသင်း၏ ဂုဏ်ထူးဆောင်နာယက ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင် တက်ရောက်၍ ဆုများ ချီးမြှင့်ကြောင်း သိရသည်။

ယင်းနောက် အသင်းဥက္ကဋ္ဌ ဦးမြင့်ကြည်က ဆုချီးမြှင့်ပြီး အသင်းဒုဥက္ကဋ္ဌ(၁) ဦးသန်းလွင်၊ အသင်းနာယက ဦးခင်စိန်နှင့် အသင်းဒုဥက္ကဋ္ဌ(၃)ပညာရေးဖောင်ဒေးရှင်း၏ ဥက္ကဋ္ဌ ဦးအောင်မိုးကလည်း ဆုများ ချီးမြှင့်ကြသည်။

ထိုသို့ ထူးချွန်ကျောင်းသားများအား ဂုဏ်ပြုပွဲအပြီးတွင် ထူးချွန်ဆုရရှိသူ ကျောင်းသားတစ်ဦးက "ကျွန်တော်တို့ကို အခုလိုဂုဏ်ပြုပွဲကျင်းပပြီး ဆုချီးမြှင့်တာ အရမ်းကျေးဇူးတင်ပါတယ်။ ပျော်လဲအရမ်းပျော်တယ်၊ အပျော်လွန်သွားလို့လားမသိဘူး၊ ဆုတက်ယူတော့ လက်တွေတုန်နေတယ်၊ စိတ်ထဲမှာလည်း တစ်မျိုးကြီးခံစားရတယ်၊ ကျွန်တော်တို့ကို အခုလိုချီးမြှင့်သလို နောင်နှစ်တွေ ကျရင်လည်း ဒီထက်ပိုပြီး ဆုတွေချီးမြှင့်နိုင်ရင်ကောင်းပါတယ်၊ တစ်နှစ်ထက်တစ်နှစ် ပိုပြီးချီးမြှင့်နိုင်ရင် ကျောင်းသားတွေအတွက်အကောင်းဆုံးပါပဲ"ဟု ရင်တွင်းစကားပြောကြားသွားသည်။

**(ကြေးမုံ)**



# မျက်နှာကြက်တပ်ဆင်နေစဉ် လှေကားပေါ်မှ ပြုတ်ကျသေဆုံး

**အလုံ စက်တင်ဘာ ၂၇**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် စက်တွင်းလမ်းနှင့် ကွင်းကျောင်းလမ်းထောင့်ရှိ အမှတ်(၃၆)မြေညီထပ်တွင် စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁၂ နာရီခွဲက မျက်နှာကြက်တပ်ဆင်သည့် လုပ်သား ထက်မြက်သူ (၁၈)နှစ် သဇင်လမ်း လက်ယက်စမ်းကျေးရွာ ထန်းပင်ဆိပ် အမှတ် (၈)ရပ်ကွက် သန်လျင်မြို့နေသူသည် မျက်နှာကြက်တပ်ဆင်နေစဉ် လှေကားပေါ်မှ ခြေချော်ပြုတ်ကျသဖြင့် မေးစေ့ပေါက်ပြဲဒဏ်ရာ၊ ဝဲခြေမပွန်းရှဒဏ်ရာ၊ နှာခေါင်းနှင့်ပါးစပ်တို့တွင် သွေးယိုစိမ့်ဒဏ်ရာများရရှိ သဖြင့် ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသရာ ဆေးရုံသို့ရောက်စဉ် သေဆုံးသွားသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံ ကြီးမှ PR ၀၂ ဖြင့် လက်ခံထားပြီး အလုံမြို့မရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၁၄/၂၀၁၄ ဖြင့် အမှု ဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

# ဂါဇာတွင် လူမျိုးတုံးသတ်ဖြတ်မှု အစ္စရေး ကျူးလွန်ခဲ့ဟု ကုလအထွေထွေညီလာခံ၌ ပါလက်စတိုင်းသမ္မတ စွပ်စွဲပြောကြား

**ကုလသမဂ္ဂ စက်တင်ဘာ ၂၇**

ဂါဇာဒေသတွင် အစ္စရေးက လူမျိုးတုံးသတ်ဖြတ်သည့် စစ်ပွဲဆင်နွှဲခဲ့ကြောင်း ကျင်းပဆဲ ကုလသမဂ္ဂ အထွေထွေညီလာခံ၌ မိန့်ခွန်းပြောကြားရာတွင် ပါလက်စတိုင်း အာဏာပိုင်အုပ်ချုပ်ရေးအဖွဲ့ သမ္မတ မာမွတ်အဘတ်စ်က စွပ်စွဲပြောကြားခဲ့သည်။

**တင်ပြမည်**

ဂါဇာဒေသတွင် ကျူးလွန်ခဲ့သည့် အစ္စရေး၏ စစ်ရာဇဝတ်မှုအတွက် ပြစ်ဒဏ်ပေးရလိမ့်မည်ဟု မစ္စတာ အဘတ်စ်က ပြောကြားသည်။ ထို့နောက် ၎င်း၏ မိန့်ခွန်းကို တိုတိုနှင့်ပင် ရပ်ဆိုင်းလိုက်ပြီး ယင်းကိစ္စကို နိုင်ငံတကာရာဇဝတ်တရားရုံးသို့ ဆက်လက်တင်ပြသွားမည်ဟု ဆိုသည်။

ဂါဇာစစ်ပွဲတိုက်ခိုက်မှုအား အစ္စရေးနှင့် အမေရိကန်ပြည်ထောင်စုတို့က မိမိကိုယ်ကိုယ်ခုခံကာကွယ်ခွင့်အဖြစ် ပုံဖော်ပြောကြားနေမှုကြောင့် ပါလက်စတိုင်းသမ္မတ၏ မိန့်ခွန်းတွင် ပြင်းထန်သော ပြစ်တင်ရှုတ်ချမှုများ ပါဝင်ခြင်းဖြစ်သည်။

ရက် ၅၀ ကြာ ဖြစ်ပွားခဲ့သော ဂါဇာစစ်ပွဲအတွင်း ပါလက်စတိုင်းပြည်သူ ၂၁၀၀ နှင့် အစ္စရေးလူမျိုး ၇၃ဦး သေဆုံးခဲ့ရသည်။

ယင်းဂါဇာစစ်ပွဲတွင် သေဆုံးခဲ့ရသော ပါလက်စတိုင်းလူမျိုးအများစုမှာ အရပ်သားများဖြစ်ကြောင်း ကုလသမဂ္ဂက ပြောကြားခဲ့သည်။အရပ်သားများ အများဆုံးသေဆုံးမှုမှာ ဟားမားစ်တိုက်ခိုက်ရေးသမားများက စာသင်ကျောင်းများနှင့် ဘာသာရေးအဆောက်အအုံများ အပါအဝင် အများပြည်သူလူနေရပ်ကွက်များကို အကာအကွယ်ယူကာ ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး ယင်းတို့အား တန်ပြန်ပစ်ခတ်ခံရခြင်းကြောင့်ဖြစ်ကြောင်း အစ္စရေးတို့က ပြောကြားသည်။

စစ်ပွဲကာလအတွင်း အရပ်သားများ သေဆုံးခဲ့သည့်ဖြစ်စဉ်ငါးခုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရန် အစ္စရေးအစိုးရက ညွှန်ကြားခဲ့သည်။စုံစမ်းစစ်ဆေးဖော်ထုတ်ချက်များအရ ယင်းကဲ့သို့သော ဖြစ်ရပ်များ ၁၀၀ ကျော်ခန့်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **ဘီဘီစီ။**



ကုလသမဂ္ဂအထွေထွေညီလာခံတွင် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌ မာမွတ်အဘတ်စ် မိန့်ခွန်းပြောကြားစဉ်။

# ဂျပန်နိုင်ငံရှိ အွန်တာကီမီးတောင် ပေါက်ကွဲ



ဂျပန်နိုင်ငံအလယ်ပိုင်းရှိ အွန်တာကီမီးတောင် ပေါက်ကွဲရာ တောင်တက်သမားများ ဘေးလွတ်ရာသို့ ထွက်ပြေးကြရစဉ်။

**တိုကျို စက်တင်ဘာ ၂၇**

ဂျပန်နိုင်ငံတွင် အွန်တာကီအမည်ရှိ မီးတောင် ရုတ်တရက်ပေါက်ကွဲခဲ့ရာ တောင်တက်သမားအချို့ ထိခိုက်ဒဏ်ရာရရှိကြောင်း၊ အဆိုပါမီးတောင်မှ ပြာမှုန်များ လေထုအတွင်းသို့ မှုတ်ထုတ်ခဲ့ပြီး ချော်ခဲများ စီးထွက်လာခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။ မီးတောင်ပေါက်ကွဲသံဖြစ်ဖွယ်ရှိသည့် ကျယ်လောင်သောအသံများကို ကြားခဲ့ရကြောင်း အမြင့် မီတာ ၃၀၆၇ (ပေ ၁၀၁၂၀)ရှိ အဆိုပါမီးတောင်ဒေသအနီးမှ နာဂါနိုနှင့် ဂီဖုပြည်နယ်ရှိ ပြည်သူများက ပြောကြားကြသည်။

ရာသီဥတု သာယာကောင်းမွန်နေစဉ်အတွင်း ရုတ်တရက်မီးတောင်ပေါက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုဖြစ်ပွားသည့် မီးတောင်၏ အခြေစိုက်စခန်း၌ နေထိုင်သည့် တောင်တက်သမား ၁၅၀ ကို ကယ်တင်နိုင်ရေးအတွက် ကယ်ဆယ်ရေးလုပ်ငန်းများကိုလုပ်ဆောင်ရန် ဂျပန်ကြည်းတပ်ဖွဲ့ဝင်များအား ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ညွှန်ကြားခဲ့သည်။

အဆိုပါ မီးတောင်၏ လေးကီလိုမီတာပတ်လည်အကွာအဝေးအတွင်း နေထိုင်သူများသည် ဘေးအန္တရာယ်ရှိသဖြင့် ဘေးလွတ်ရာသို့ ထွက်ခွာရန် ဒေသဆိုင်ရာအာဏာပိုင်များက သတိပေးထားသည်။ အွန်တာကီမီးတောင်သည် ၂၀၀၇ခုနှစ်အတွင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ဖူးသည်။ **ဘီဘီစီ။**

# အိုင်အက်စ်ကို အနိုင်ယူရန် လေကြောင်းအင်အားတစ်ခုတည်းဖြင့် မလုံလောက်ဟု အမေရိကန်ဗိုလ်ချုပ်ကြီးပြောကြား

**ဝါရှင်တန် စက်တင်ဘာ ၂၇**

ဆီးရီးယားနိုင်ငံအတွင်း၌ လေကြောင်းမှ တိုက်ခိုက်ခြင်းကြောင့် အစ္စလာမ့်စ်နိုင်ငံ (အိုင်အက်စ်) စစ်သွေးကြွများအထိအခိုက် အပျက်အစီးများပြားလျက်ရှိကြောင်း၊ သို့သော် ၎င်းတို့ကို အနိုင်ယူရန်အတွက် လေကြောင်းအင်အားတစ်ခုတည်းဖြင့် မလုံလောက်ကြောင်း အမေရိကန်လက်နက်ကိုင်များအဖွဲ့ အကြီးအကဲက ယနေ့ပြောကြားသည်။

အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့၌ နိုင်ငံရေးအဖြေတစ်ခုနှင့် မြေပြင်တပ်ဖွဲ့နှစ်မျိုးလုံး လိုအပ်လျက်ရှိသည်ဟု ဗိုလ်ချုပ်ကြီး မာတင်ဒမ်ဆေးက ပြောသည်။

ဆီးရီးယားနိုင်ငံအတွင်း၌ မြေပြင်တပ်ဖွဲ့အတွက် တိုက်ခိုက်ရေးသမား ၁၅၀၀၀ အထိ လိုအပ်သည်ဖြစ်ရာ ယင်းအရေအတွက်ကို ဆီးရီးယားအလယ်အလတ် အတိုက်အခံအဖွဲ့များမှ ရယူနိုင်ကြောင်း ဗိုလ်ချုပ်ကြီးက ပြောသည်။

သောကြာနေ့တွင် ဗြိတိန်နိုင်ငံကလည်း အီရတ်နိုင်ငံအတွင်းရှိ အိုင်အက်စ်တို့ကို အမေရိကန်ဦးဆောင်၍ လေကြောင်းမှ တိုက်ခိုက်ခြင်းတွင် ပူးပေါင်းပါဝင်ရန် သဘောတူခဲ့သည်။

ပြင်သစ်ဂျက်တိုက်လေယာဉ်များက အီရတ်နိုင်ငံအတွင်း အိုင်အက်စ်တို့ကို လေကြောင်းမှ တိုက်ခိုက်ရာတွင် ပါဝင်လျက်ရှိပြီး ဘယ်လ်ဂျီယံနှင့် ဒိန်းမတ်နိုင်ငံတို့ကလည်း တိုက်လေယာဉ်များ ပေးပို့မည်ဖြစ်သည်။

ဗိုလ်ချုပ်ကြီးဒမ်ဆေးက ပင်တဂွန်၌ မိန့်ခွန်းပြောကြားရာတွင် ယခုသီတင်းပတ်တွင် ဆီးရီးယားနိုင်ငံအတွင်း လေကြောင်းမှ တိုက်ခိုက်ခြင်းကြောင့် အိုင်အက်စ် စစ်စခန်းများကို ထိန်းချုပ်နိုင်ပြီး ၎င်းတို့၏ တိုက်ခိုက်ရေးစွမ်းအားများကို ဟန့်တားနိုင်ခဲ့သည်ဟုဆိုသည်။

ဆီးရီးယားနှင့် အီရတ်နိုင်ငံအတွင်း၌ ဆုံးရှုံးသွားသော နယ်မြေများ ပြန်လည်သိမ်းယူရန် လေကြောင်းအင်အားထက်ပို၍ လိုအပ်မှုများရှိနေသော်လည်း မြေပြင်တပ်ဖွဲ့တွင် အမေရိကန်တို့ ပါဝင်မည်မဟုတ်ကြောင်း ဗိုလ်ချုပ်ကြီးက ပြောသည်။ **ဘီဘီစီ။**



စစ်သွေးကြွများကို ချေမှုန်းနေသော ဆီးရီးယားအစိုးရတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

# နယူးယောက်စာပို့သမား စာတန်ချိန်တစ်တန်ကျော် ပေးဝေခြင်း မပြုခဲ့ဟုဆို

**နယူးယောက် စက်တင်ဘာ ၂၇**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် စာပို့သမားတစ်ဦးသည် လွန်ခဲ့သည့်နှစ်ပေါင်း ကိုးနှစ် ကာလအတွင်း စာအစောင်ပေါင်း ၄၀၀၀၀ ခန့်ကို ပေးဝေခြင်းမပြုဘဲ ၎င်း၏နေအိမ်၊ စီးသောကားနှင့် အလုပ်မှ ကိုယ်ပိုင်သေတ္တာအတွင်း သို၀ှက်သိမ်းဆည်းထားခဲ့ကြောင်း ရှေ့နေများက ပြောကြားသည်ဟု မကြာသေးမီက ဘီဘီစီသတင်းတွင်ဖော်ပြသည်။

တားမြစ်ထားသောနေရာ၌ ရပ်ထားသော ၎င်း၏ကိုယ်ပိုင်ကားအတွင်းမှ ပေးဝေခြင်းမပြုသော စာများကို ကြီးကြပ်ရေးမှူးက တွေ့ရှိပြီးနောက် စာပို့သမား ဂျိုးဇက်ဘရူကာနို ၆၇ နှစ်ကို စက်တင်ဘာ ၂၄ ရက် တွင် ဖမ်းဆီးခဲ့သည်။

ယင်းနောက် နောက်ကြောင်းပြန် အဝေးဆုံးကာလ ၂၀၀၅ ခုနှစ် ရက်စွဲတပ်ထားသည့် စာများ အပါအဝင် အလေးချိန် ၂၅၀၀ ပေါင် (၁ ဒသမ ၁တန်) ရှိသောစာများကို စာတိုက်စုံစမ်းရေးမှူးများက တွေ့ရှိခဲ့သည်။

မစ္စတာဘရူကာနို၏ ရှေ့နေက ၎င်း၏ အမှုသည်သည် စိတ်ကျရောဂါ ခံစားနေရကြောင်း တရားရုံးတော်သို့ တင်ပြခဲ့သည်။ သို့သော် အဘယ်ကြောင့် စာများပေးဝေခြင်း မပြုသည်ကိုမူ တင်ပြခဲ့ခြင်းမရှိပေ။

တရားရုံး မှတ်တမ်းများရ ဘရူကာနိုသည် ၂၀၀၁ ခုနှစ်တွင် စာပို့သမားတစ်ဦးဖြစ်လာပြီး လွန်ခဲ့သည့် ၁၁ နှစ်တာကာလပတ်လုံး နယူးယောက်မြို့ ဘရွတ်ကလင်းတွင် စာဝေရန် တာဝန်ပေးခြင်းခံခဲ့ရသည်။ **ဘီဘီစီ။**

# အနောက်အာဖရိကတွင် အီဘိုလာရောဂါကြောင့် သေဆုံးသူ ၃၀၀၀ ကျော်ရှိဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား

**ကုလသမဂ္ဂ စက်တင်ဘာ ၂၇**

အီဘိုလာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုဖြစ်ပွားနေသော အနောက်အာဖရိကတွင် ၎င်းရောဂါကြောင့် သေဆုံးသူဦးရေမှာ ၃၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က စက်တင်ဘာ ၂၇ ရက်တွင် ပြောကြားသည်။

နောက်ဆုံးရရှိသော ကိန်းဂဏန်းများအရ အဆိုပါဒေသ၌ အီဘိုလာဗိုင်းရပ်စ်ပျံ့နှံ့ကူးစက်ခံနေရသူ ဦးရေမှာ ၆၅၀၀ ကျော်ရှိသည်။ ယင်းဗိုင်းရပ်စ်ပိုး ကူးစက်ပြန့်ပွားမှုအတွက် နောက်ဆုံးရရှိသော မှတ်တမ်းများအရ လိုက်ဘေးရီးယားနိုင်ငံ၌ အဆိုးရွားဆုံးဖြစ်ပြီး အီဘိုလာရောဂါနှင့် ဆက်နွှယ်သည့် သေဆုံးသူဦးရေ ၁၈၃၀ နီးပါးရှိပြီဖြစ်သည်။

အီဘိုလာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုမှာ ကမ္ဘာပေါ်တွင် လူအသေအပျောက်အများဆုံးဖြစ်သော ရောဂါပြန့်ပွားမှုလည်း ဖြစ်သည်။ ယင်းရောဂါပြန့်ပွားမှုသည် ကမ္ဘာကြီး၏ လုံခြုံမှုကို ခြိမ်းခြောက်လာနေကြောင်း အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ပြောကြားသည်။ နိုဝင်ဘာလ အစောပိုင်းကာလတွင် ၎င်းရောဂါကူးစက်ခံစားရသူ အရေအတွက်မှာ ၂၀၀၀၀ ကျော်အထိ တိုးမြင့်လာနိုင်ကြောင်း ယင်းရောဂါနှင့် ပတ်သက်သည့် လေ့လာသူအချို့ကသတိပေးဖော်ပြသည်။

လွန်ခဲ့သည့် ၇ ရက်အတွင်းက လိုင်ဘေးရီးယားနှင့် ဂီယာနာနိုင်ငံများအတွင်းရှိ ဒေသသစ်နှစ်ခုတွင် အဆိုပါ ရောဂါပထမဆုံးအကြိမ် ဖြစ်ပွားမှုအား မှတ်တမ်းတင်နိုင်ခဲ့ကြောင်း အတည်ပြုခဲ့သည်။ **ဘီဘီစီ။**

# လားရှိုးမြို့၌ မှိုနှစ်မျိုးစားမိ၍ နှစ်ဦးသေဆုံး၊ တစ်ဦးဆေးရုံတက် ကုသမှုခံယူ

**လားရှိုး စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ ရပ်ကွက်(၁) နယ်မြေ(၉) နမ့်ခေါ်ရွာတွင် ဖခင်ဖြစ်သူက အလုပ်သွားပြီးအပြန် သားနှင့်သမီး စားသောက်ရန် ယခင်နေ့စဉ် စားသောက်နေကျ မှိုနှင့် နောက်ထပ်မှိုတစ်မျိုးနုတ်ယူလာပြီး ချက်စားရာမှ သားနှင့်သမီးသေဆုံးကာ ဖခင်ဖြစ်သူ အဆိပ်သင့်ပြီး လားရှိုးပြည်သူ့ဆေးရုံကြီးသို့ အတွင်းလူနာအဖြစ် တင်ပို့ကုသရသော ဖြစ်စဉ်တစ်ခု စက်တင်ဘာ ၂၅ ရက်က ဖြစ်ပွားခဲ့သည်။

လားရှိုးပြည်သူ့ဆေးရုံသို့ တင်ပို့ထားသော ဖခင် ဦးဂျိုးဇက်(၆၅)နှစ်အား သွားရောက်တွေ့ဆုံမေးမြန်းရာတွင် "မှိုနှစ်မျိုးကို ရောချက်စားကြတယ်။ ညအိပ်ရာဝင်အိပ်နေကြချိန်မှာ အငယ်ဆုံးသမီးဖြစ်သူ ရို့မေရီ (၅) နှစ်က လူးလိမ့်ပြီး မခံမရပ်နိုင်အောင် အော်ဟစ်ညည်းညူနေတယ်။ နောက် ည ၁၂ နာရီလောက်မှာ သေဆုံးသွားခဲ့တယ်။ ဒါနဲ့ စိတ်ပူပြီး အော်ဟစ်အကူအညီတောင်းဖို့လုပ်တော့ အော်မရ၊ လှုပ်မရဘဲ ကယောင်ချောက်ချား ဖြစ်ပြီး ကျွန်တော်ပါအဆိပ်မိနေတာကို သတိပြုမိလာတယ်။ မနက် ၄ နာရီခန့်လောက်မှာ သားကြီးဖြစ်သူ မောင်အာပေလှ (၈)နှစ်ကလည်း သမီးငယ်ဖြစ်သလို ခံစားခဲ့ရပြီး သေဆုံးသွားခဲ့တယ်။ အိမ်ခြေကျဲတော့ တစ်အိမ်နဲ့တစ်အိမ် အဝင်အထွက်က မရှိဘူး။ ဒီလိုနဲ့ တစ်ညလုံး တစ်နေ့လုံးနေပြီး စက်တင်ဘာ ၂၅ ရက် ညနေ ၆ နာရီ ၄၅ မိနစ်လောက်မှာ အမျိုးတော်စပ်သူ မမေနော်က ဟင်းလာပို့ရင်း တွေ့သွားလို့ လူကြီးတွေ ပြောပြတယ်နဲ့ တူတယ်။ ရပ်ကွက်က လူတွေ ရောက်လာပြီး ကျွန်တော့်ကို ဆေးရုံပို့ ပေးကြတာပါ"ဟု နယ်မြေမှူး ဦးဇော်လွင်ကို ပြောပြခဲ့ကြောင်း သိရသည်။

နယ်မြေရဲကင်းမှူး ဒု-ရဲအုပ်ဝင်းနိုင်က အိမ်ရှင်ဖြစ်သူ ဦးဂျိုးဇက်မှာ လားရှိုးမြို့ဆေးရုံကြီး ဖျားနာဆောင်၌ အခြေအနေကောင်းမွန်သက်သာလာပြီဖြစ်ကြောင်းနှင့် အမှုမှန်ပေါ်ပေါက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောပြသည်။

**ဇာဏီအောင်(လားရှိုး)**




# ချောင်းဦးမြို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်ကြီးများပြိုလဲ

**ချောင်းဦး စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့တွင် စက်တင်ဘာ ၂၆ ရက် ညနေ ၆ နာရီခွဲက နေရာကွက်ပြီး မိုးသက်လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် မြို့မရပ်ကွက်နှင့် မြို့သစ်ရပ်ကွက်အတွင်းရှိ သစ်ပင်ကြီးများ၊ လျှပ်စစ်မီးတိုင်များနှင့် တယ်လီဖုန်းတိုင်များ ပြိုလဲပျက်စီးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုမှာ ငါးမိနစ်ခန့်သာ ကြာမြင့်ခဲ့သော်လည်း သစ်ကိုင်းများ ကျိုးကျပြီး၊ သစ်ပင်ကြီးအချို့ အမြစ်မှ ပြိုလဲခဲ့ကာ လျှပ်စစ်မီးတိုင် နှစ်တိုင်၊ တယ်လီဖုန်းတိုင် ခုနစ်တိုင် ကျိုးကျပျက်စီးခဲ့သည်။ ထို့ပြင် သစ်ပင်ကြီးတစ်ပင် အမြစ်မှ ပြိုလဲကျခဲ့ရာ နေအိမ်တစ်လုံးပေါ်သို့ ပိမိခဲ့ပြီး အဘွားအိုတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ချောင်းဦးမြို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲပျက်စီးမှုများကို စစ်ကိုင်းတိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌတို့က ကြည့်ရှုစစ်ဆေးခဲ့ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေး ဝန်ထမ်းများက စုပေါင်းရှင်းလင်းဖယ်ရှားခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# မြိုင်မြို့နယ်၌ မိုးရွာထဲ ဖုန်းပြောနေသူတစ်ဦး ဖုန်းပေါက်ကွဲကာသေဆုံး

**မြိုင် စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် လက်ယက်မကျေးရွာ၌ စက်တင်ဘာ ၂၆ ရက်က အမျိုးသားတစ်ဦး ဖုန်းပြောနေစဉ် မိုးကြိုးပစ်သဖြင့် သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ လက်ယက်မကျေးရွာနေ အောင်စိုး(၂၄)နှစ်သည် မိုးရွာနေစဉ် ကျေးရွာအထက်တန်းကျောင်း၏ မြောက်ဘက်လမ်းမပေါ်တွင် လမ်းလျှောက်ရင်း လက်ကိုင်ဖုန်းဖြင့် စကားပြောနေစဉ် လျှပ်စီးဝင်၍ ဖုန်းပေါက်ကွဲကာ ဝဲဘက်နားထင် သွေးယိုစီးဒဏ်ရာ၊ ဝဲနားရွက် ညိုမည်းဒဏ်ရာများဖြင့် လဲကျသေဆုံးခဲ့ကြောင်းသိရသည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ မြိုင်မြို့နယ် လင်းကတောနယ်မြေရဲစခန်းမှ ရဲအုပ်မင်းယုနိုင်က တိုင်တန်းခဲ့သဖြင့် မြိုင်မြို့နယ် လင်းကတောနယ်မြေရဲစခန်းမှ သေမှုသေခင်းဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။ **(ကျော်ဇေယျ)**

လျှပ်စစ်သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ
မသုံးရ

သင့်သွေးဖြင့် အသက်ကယ်ပါ




## ကြေညာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌**

**၂၀၁၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၂၁၁**

ကွယ်လွန်သူဦးဘသန်း၏ကျန်ရှိရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်(၁၀)ရပ်ကွက်၊ အင်းယားလမ်း၊ အမှတ်-၃၈(စီ)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဘသန်း၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်နုနုရီပါ-၄ဦးက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၂၀ရက်(၁၃၇၆ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူဦးဘသန်း၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် (၁၃၇၆ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်း တစ်ခုခုမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သောဒေါ်နုနုရီပါ-၄ဦး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နှင်းသီတာ)

ခရိုင်တရားသူကြီး)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး



## UNAIDS ၏ အထူးသံတမန်သစ်အဖြစ်ခန့်အပ်ခြင်းခံရသူ ဗစ်တိုးရီးယားဘက်ခမ်း

"အမျိုးသမီးတစ်ဦးအနေနဲ့ရော မိခင်တစ်ဦးအနေနဲ့ပါ အခြားအမျိုးသမီးတွေကို ကူညီစောင့်ရှောက်ထောက်ပံ့ပေးဖို့ ကျွန်မမှာ တာဝန်အပြည့်ရှိပါတယ်၊ UNAIDS နဲ့ အလုပ်အတူတွဲလုပ်ရမှာကိုလည်း ဂုဏ်ယူပါတယ်"ဟု UNAIDS ၏ အထူးသံတမန်သစ်အဖြစ်ခန့်အပ်ခြင်းခံရသူ ကမ္ဘာကျော်ဖက်ရှင်ဒီဇိုင်နာ ဗစ်တိုးရီးယားဘက်ခမ်းက စက်တင်ဘာ ၂၅ ရက်က ကုလသမဂ္ဂဌာနချုပ်တွင် ပြောကြားခဲ့သည်။

အသက်(၄၀)အရွယ် တေးသံရှင်တစ်ဦးလည်းဖြစ်သူ ဗစ်တိုးရီးယားသည် UNAIDS ၏ အထူးသံတမန်တစ်ဦးအနေဖြင့် အဆိုပါအဖွဲ့ကြီးနှင့်အတူ HIV/AIDS ပရဟိတလုပ်ငန်းများတွင် အတူပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ယခုအချိန်သည် ၎င်းအတွက် အရေးကြီးခရီးစဉ်တစ်ခု၏အစဖြစ်ပြီး UNAIDS နှင့်ပူးပေါင်း ကာ HIV ရောဂါခံစားနေရသည့် အမျိုးသမီးနှင့်ကလေးငယ်များအတွက် ကူညီထောက်ပံ့မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး "ဗစ်တိုးရီးယားရဲ့ ဆန်းသစ်တီထွင်ဖန်တီးမှုတွေနဲ့ ကျွန်တော်တို့ရဲ့ကြိုးပမ်းအားထုတ်မှုတွေဟာ AIDS ရောဂါကပ်ဆိုးကြီးအဆုံးသတ်ဖို့ ခြေလှမ်းသစ်တစ်ရပ်ပါပဲ"ဟု UNAIDS မှ အမှုဆောင်ဒါရိုက်တာ Michel Sidibe က ပြောကြားခဲ့သည်။

## ယူကျူနှင့် တရုတ်သီချင်းဝက်ဘ်ဆိုက်များတွင် ထိပ်ဆုံး၌ ရပ်တည်နိုင်ခဲ့သည့် Holler



**တောင်ကိုရီးယားနာမည်ကျော် တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် Girls' Generation ၏ ပထမဆုံးသော တရားဝင်အဖွဲ့ခွဲတစ်ဖွဲ့ဖြစ်သည့် TTS ၏ စက်တင်ဘာ ၁၇ ရက်က ဖြန့်ချိခဲ့သည့် ဒုတိယမြောက် မီနီအယ်လ်ဘမ် Holler သည် ယူကျူဝက်ဘ်ဆိုက်၏ ကေပေါ့ပ်တေးသီချင်းဗီဒီယို ၂၀ နှင့် တရုတ်နိုင်ငံ၏ နာမည်ကြီးတေးသီချင်း ဝက်ဘ်ဆိုက်များတွင် နံပါတ်တစ်အဖြစ် ရပ်တည်နိုင်ခဲ့ကြောင်းသိရသည်။**

ဟိုတယ်တစ်ခုတွင် ဖြစ်ပျက်ခဲ့သည့်အဖြစ်အပျက်တစ်ခုကို အခြေခံရိုက်ကူးထားသည့် အဆိုပါမီနီအယ်လ်ဘမ်တွင် Girls' Generation မှအဖွဲ့ဝင်များဖြစ်ကြသည့် Taeyeon ၊ Tiffany နှင့် Seohyun တို့၏ မြူးကြွသွက်လက်သည့် ဖက်ရှင်ကျကျအလှအပများနှင့် ဆွဲဆောင်မှုရှိသော ဖျော်ဖြေတင်ဆက်မှုများ ပါဝင်ကြောင်း သိရသည်။

အဆိုပါ TTS ၏ Holler အယ်လ်ဘမ်သည် အာရှဒေသတွင်သာမကဘဲ အမေရိကန်ဘီလ်ဘုတ်နှင့် Ryan Seacrest ၏တရားဝင်ဝက်ဘ်ဆိုက်တို့တွင်ပါ ထိပ်ဆုံး၌ ရပ်တည်နိုင်ခဲ့ပြီး ကမ္ဘာ့ဂီတလောကတွင်ပါ ရေပန်းစားလျက်ရှိကြောင်း သိရသည်။

မျိုးစန္ဒာမောင် - စုစည်းသည်

## မြန်မာနိုင်ငံဓာတ်ပုံအသင်း အလွတ်တန်းဖိတ်ခေါ် ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၇

လူငယ်လူရွယ်များ၏ လူ့အရင်းအမြစ်နှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်မြှင့်တင်ပေးလိုသည့် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် ရွှေပြည်တံခွန်တယ်လီကွန်း (အများပိုင်) ကုမ္ပဏီလီမိတက်တို့က "ပြုပြင်ပြောင်းလဲခြင်းမှ လင်းလက်တောက်ပသော အနာဂတ်ဆီသို့" ခေါင်းစဉ်ဖြင့် အလွတ်တန်းဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

ဓာတ်ပုံပြိုင်ပွဲတွင် ရွှေပြည်တံခွန်တယ်လီကွန်းကုမ္ပဏီ၏ အထူးဆုကို ယူနက်စကို ထွန်းအောင်ကျော်ကလည်းကောင်း၊ ပထမဆုကိုဦးလူမောင်ကလည်းကောင်း၊ ဒုတိယဆုကို ဘိုးတော်(အမရပူရ)က လည်းကောင်း၊ တတိယဆုကို ကျော်ကျော်ဝင်း (MPS)တို့ကလည်းကောင်း ရရှိကြပြီး ဖြိုးသက်ပိုင်၊ ယမင်းဝင်းလှိုင်၊ ဟယ်လင် (သုံးရာသီဓာတ်ပုံတိုက်)၊ မျိုးမင်းကြွယ်(ရွှေတောင်ကြား)၊ ဦးစိန်ထွန်း(ဟသ်ာတ)၊ ဦးလူမောင်၊ ဇော်ဇော်ဝေ (ဆင်ဖြူကျွန်း)၊ မျိုးမင်းသွင်နှင့် ရဲမင်းလွင်တို့က နှစ်သိမ့်ဆုများ ရရှိကြသည်။




အဆိုပါဓာတ်ပုံဆုများကို အကဲဖြတ်ဓာတ်ပုံပညာရှင်ကြီးများ ဖြစ်ကြသော ဦးဖေခင်၊ ဦးမြင့်သိန်းဖေ၊ ညောင်ဦးဖိုးချို၊ ဦးအောင်ကျော်မိုး၊ မောင်မောင်သန်း(ကော့မှူး)တို့က အကဲဖြတ်ရွေးချယ်ခဲ့ကြပြီး ဆုရရှိကြသူများအား မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ပညာရှင်ကြီးများနှင့် ရွှေပြည်တံခွန်တယ်လီကွန်းမှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**(ကြေးမုံ)**

## ရဲတပ်ဖွဲ့နေ့ဂုဏ်ပြု မှုခင်းအသိပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၂၇

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် ကျောက်တံတားမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရုံးဦးစီး ရဲအုပ်သန်းတင့်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ထွန်းနိုင်ဇော်တို့သည် စက်တင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီက ကျောက်တံတားမြို့နယ် အမှတ်(၅)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် (၃၇)လမ်းထောင့်ရှိ ကျောက်တံတားမြို့နယ် အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ခန်းမဆောင်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဖြစ်ပေါ်လာပုံနှင့် မှုခင်းအသိပညာပေး ဟောပြောကြောင်း သိရသည်။

**(ကြေးမုံ)**

## MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၈-၉-၂၀၁၄ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော် + ပရိတ်နိဒါန်း၊ မင်္ဂလသုတ် |
| ၉း၀၀ | MRTV -4 ရုပ်သံဇာတ်လမ်းတွဲ "နူးညံ့သော ပျော်ရွှင်မှု" (အပိုင်း-၈၃) |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ |
| ၁၀း၅၅ | Star တို့ရဲ့လက်ရာ |
| ၁၁း၂၀ | Forever Music Tribute ထူးအိမ်သင် ဂီတပွဲတော် (အပိုင်း-၅) (ပထမပိုင်း) |
| ၃း၀၀ | MRTV -4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ" (အပိုင်း-၄) |

## သား မောင်နိုင်ဝေယံ[2nd Year Y.U.F.L(German)]အတွက် မွေးနေ့ဆုမွန်

၂၈-၉-၂၀၁၄ရက်တွင် ကျရောက်သည့် မွေးနေ့မှသည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ နှင့် ပြီးပြည့်စုံ၍ ထူးချွန်ထက်မြက်ပြီး အများအကျိုး၊ တိုင်းပြည်အကျိုး သယ်ပိုးနိုင်သော သားကောင်း ရတနာမြတ်လေး ဖြစ်ပါစေ။

ချစ်ပါပါး - ဦးတင်နိုင်စိုး
ချစ်မေမေ - ဒေါ်အေးအေးသင်း











## အာရှအားကစားပြိုင်ပွဲ၌ မြန်မာအမျိုးသမီးပိုက်ကျော်ခြင်းအသင်း ဗိုလ်လုပွဲတက်

**အင်ချွန် စက်တင်ဘာ ၂၇**

တောင်ကိုရီးယားနိုင်ငံ အင်ချွန်မြို့တွင် လက်ခံကျင်းပလျက်ရှိသော အာရှအားကစားပြိုင်ပွဲတွင် ယနေ့စက်တင်ဘာ ၂၇ ရက် မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မှုများမှာ ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် အင်ချွန်မြို့ ဘူဖျောင် ပိုက်ကျော်ခြင်းအားကစားရုံ၌ ကျင်းပသည့် အမျိုးသမီး ပိုက်ကျော်ခြင်း (၃)ယောက်တွဲအသင်းလိုက်(Regu) ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးအသင်းနှင့် အင်ဒိုနီးရှားအမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအမျိုးသမီးအသင်းက (၂)ပွဲ (၁)ပွဲဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဆက်လက်၍ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် အင်ချွန်ဘော်လီဘော အားကစားရုံ၌ ကျင်းပသည့် အမျိုးသား ဘော်လီဘော အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် မြန်မာအမျိုးသား ဘော်လီဘောအသင်းနှင့် တာ့ခ်မင်နစ္စတန် အမျိုးသားဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက (၃)ပွဲ (၁)ပွဲဖြင့် ရှုံးနိမ့်ခဲ့သည်။

ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီမှစ၍ အင်ချွန်မြို့ နပန်းအားကစားရုံ၌ ကျင်းပသည့် နပန်းပြိုင်ပွဲတွင် မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်ရာ (၄၈)ကီလိုတန်းတွင် မေသဇင်ဖူးက ဗီယက်နမ်မှ အားကစားသမားကိုလည်းကောင်း၊ (၆၃)ကီလိုတန်းတွင် ကြူကြူသိန်းက ဥဇဘက်ကစ္စတန်မှ အားကစားသမားကိုလည်းကောင်း၊ အလွတ်တန်းပြိုင်ပွဲတွင် ဝင်းလှိုင်ဆွေက တရုတ်နိုင်ငံမှ အားကစားသမားကို လည်းကောင်း အသီးသီးရှုံးနိမ့်ခဲ့သည်။

စက်တင်ဘာ ၂၈ ရက်တွင် အမျိုးသမီး ပိုက်ကျော်ခြင်း(၃)ယောက်တွဲ အသင်းလိုက်(Regu)ဗိုလ်လုပွဲကို ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် မြန်မာအမျိုးသမီးအသင်းနှင့် ထိုင်းအမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ပြေးခုန်ပစ်ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ဖြူဝါသက်က မီတာ(၁၅၀၀)လူရွေးပွဲဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဒေသစံတော်ချိန် ၇ နာရီခွဲ၌ ဘော်လီဘော အဆင့်သတ်မှတ်ချက်ပြိုင်ပွဲအဖြစ် မြန်မာအမျိုးသားအသင်းနှင့် ကာဇက်စတန်အမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(အား/ကာ)**

## ပေါင်ခြံဒဏ်ရာပြဿနာကြောင့် မန်စီးတီးတိုက်စစ်မှူး နာဆရီ တစ်လကြာအနားယူရမည်

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်း၏ အဓိကအားထားရသော ပြင်သစ်တိုက်စစ်မှူး နာဆရီသည် ၎င်းကြုံတွေ့နေရသော ပေါင်ခြံဒဏ်ရာအား ခွဲစိတ်ကုသမှုခံယူခဲ့သော်လည်း ဒဏ်ရာမသက်သာခြင်းကြောင့် တစ်လကြာအနားယူရမည်ဖြစ်ကြောင်း သိရသည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူး နာဆရီသည် အဆိုပါပေါင်ခြံဒဏ်ရာပြဿနာကြောင့် စက်တင်ဘာ ၂၄ ရက်က ရှက်ဖီးဝက်နက်စ်ဒေးအသင်းအား ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲတွင်လည်း လွဲချော်ခဲ့သူဖြစ်သည်။

"နာဆရီရဲ့ ဒဏ်ရာက ပြင်းထန်ပါတယ်။ နောက်ထပ် ခွဲစိတ်ကုသရဦးမှာမို့ အနားယူရပါလိမ့်မယ်။ အခုလေ့ကျင့်ရေး ဆင်းနေပေမယ့် ကောင်းကောင်းမလေ့ကျင့်နိုင်သေးပါဘူး။ ကျွန်တော်ဆရာဝန်တစ်ယောက်မဟုတ်ပေမယ့် သူရဲ့ ဒဏ်ရာအရှင်းပျောက်ဖို့ဆိုရင် တစ်လလောက်တော့ အချိန်ယူရမယ်လို့ ကျွန်တော်ထင်ပါတယ်"ဟု မန်စီးတီးအသင်း နည်းပြ ပယ်လီဂရီနီက ပြောကြားခဲ့သည်။



တိုက်စစ်မှူး နာဆရီသည် ယခုပေါင်ခြံဒဏ်ရာပြဿနာကြုံထားရခြင်းကြောင့် ဟားစီးတီး၊ အက်စ်တွန် ဗီလာ၊ စပါး၊ ဝက်စ်ဟမ်းစသည့် ပရီမီယာလိဂ်ပြိုင်ဘက်အသင်းများနှင့် ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်များ၊ ရိုးမား၊ CSKA မော်စကို စသည့် အသင်းနှစ်သင်းနှင့် ကစားရမည့် ချန်ပီယံလိဂ် အုပ်စုပွဲစဉ်များကို လွဲချော်လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် နာဆရီသည် မန်စီးတီးအတွက် အရေးပါသော ကစားသမားတစ်ဦးဖြစ်ကြောင်းနှင့် နာဆရီမပါဘဲ ကစားရသည့်ပွဲစဉ်များတွင် ခက်ခက်ခဲခဲကစားခဲ့ရကြောင်း မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီက ပြောကြားခဲ့သည်။ **(ငွေကြယ်)**

## ရောဝတီနှင့် ကမ္ဘောဇတို့ နိုင်ပွဲများရ

ရန်ကုန် စက်တင်ဘာ ၂၇

**MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၂) ဒုတိယနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရောဝတီအသင်းနှင့် ကမ္ဘောဇအသင်းတို့ နိုင်ပွဲများ ရရှိခဲ့သည်။**

ရောဝတီနှင့် ချင်းယူနိုက်တက်တို့ပွဲစဉ်တွင် ရောဝတီအသင်းက ချင်းယူနိုက်တက်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ချင်းအသင်း၏ ခပ်မာမာတုံ့ပြန်ကစားမှုကြောင့် ရောဝတီအသင်းအနိုင်ရရှိရန် ခက်ခက်ခဲခဲရုန်းကန်ခဲ့ရသည်။ ရောဝတီအသင်းမှာ ယခုပွဲအနိုင်ရရှိခဲ့သောကြောင့် အဆင့် ၅ အတွင်းဝင်ရန် သေချာသွားပြီဖြစ်သည်။

ချင်းအသင်းမှာလည်း ရာသီပိတ်ပွဲစဉ်၌ ရလဒ်ကောင်းရန်အတွက် ကြိုးပမ်းခဲ့ပြီး ၁၈ မိနစ်တွင် ရမ်ဒင်ဆန်ဂါက ဂိုးစတင်သွင်းယူခဲ့သည်။ လေးမိနစ်အကြာတွင် ရောဝတီအသင်း ချေပဂိုးသွင်းယူခဲ့ပြီး ထောင့်ကန်ဘောမှ ကလစ်ဖို့ဒ်က ခေါင်းတိုက်သွင်းယူခဲ့ခြင်း ဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် တိုက်စစ်မှူး ဆာဆာက ၂၇ မိနစ်နှင့် ၆၂ မိနစ် တို့တွင် ရောဝတီအတွက် နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးများ သွင်းယူခဲ့သော်လည်း ချင်းတိုက်စစ်မှူး မာတူနာက ၄၅ မိနစ်နှင့် ၇၅ မိနစ်တို့တွင် ချေပဂိုးများ ပြန်လည်သွင်းယူခဲ့သောကြောင့် ပွဲမှာ အကြိတ်အနယ်ရှိခဲ့သည်။ ရောဝတီအတွက် အနိုင်ဂိုးကို ၇၉ မိနစ်တွင် နေလင်းထွန်းက သွင်းယူပေးခဲ့သည်။

ကမ္ဘောဇနှင့် ဇွဲကပင်တို့ ပွဲစဉ်တွင် ကမ္ဘောဇအသင်းက ဇွဲကပင်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ **(ရှိုင်းထက်ဇော်)**

### ပရီမီယာလိဂ် ပွဲစဉ် (၆) အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| လီဗာပူး | ၁ - ၁ | အဲဗာတန် |
| ချယ်လ်ဆီး | ၃ - ၀ | ဗီလာ |
| ပဲလေ့စ် | ၂ - ၀ | လက်စတာ |
| ဟားလ်စီးတီး | ၂ - ၄ | မန်စီးတီး |
| ဆောက်သမ်တန် | ၂ - ၁ | ကျူပီအာ |
| ဆန်းဒါးလန်း | ၀ - ၀ | ဆွမ်ဆီး |
| မန်ယူ | ၂ - ၁ | ဝက်စ်ဟမ်း |

### ဘွန်ဒက်လီဂါ ပွဲစဉ် (၆) အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| ရှော်လ်ကေး | ၂ - ၁ | ဒေ့ါမွန် |
| ဖရိုင်းဘတ် | ၀ - ၀ | လေဗာကူဆင် |
| စတုဂတ် | ၁ - ၀ | ဟန်နိုဗာ |
| ကိုလုံး | ၀ - ၂ | ဘိုင်ယန်မြူးနစ် |
| ပါဒါဘွန်း | ၁ - ၂ | ဂလက်ဘတ် |

### စပိန်လာလီဂါ ပွဲစဉ် (၆) အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| ဗီလာရီးယဲလ် | ၀ - ၂ | ရီးယဲလ်မက်ဒရစ် |

**(မောင်မောင်ဇော်)**










### ပိုင်ရှင်ကိုယ်တိုင်အမြန်ငှားမည်


သုဝဏ္ဏ VIP၊ တောင်ထိပ်ပန်းလမ်းမကြီးပေါ်၊ ထောင့်ခြံ၊ မြေအကျယ်ပေ(၉၀×၈၀) ၂ထပ် RC၊ အိပ်ခန်း (၄)ခန်း၊ ဖုန်းပါ၊ ရေ မီးအစုံ၊ အဲယားကွန်း (၅)လုံး၊ ကား(၈)စီးရပ်နားနိုင်သောနေရာပါရှိ၊ ရုံးခန်းဖွင့်လိုသူများ၊ တိတ်ဆိတ်ငြိမ်သက်စွာ နေထိုင်လိုသူများအတွက် အထူးသင့်လျော်သည်။

ငွေကျပ် (၁၅)သိန်း


ဆက်သွယ်ရန်ဖုန်း-၀၁-၅၆၀၇၈၇၊ ၀၁-၅၇၂၂၂၄၊ ၀၉-၅၁၇၈၉၇၉၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၉-၄၃၀၂၂၈၂၈








စာအုပ်စာပေလှူမိတ်ဆွေ


ဒါတွေ မေးပြီးမှ ကွန်ဒိုဝယ်ပါ
CRC
DEVELOPMENT
ဒီမေးခွန်းတွေကို
ဖြေနိုင်တဲ့
SPACE
@YanKin
အရောင်းဖွင့်ပြီ
SPACE
@YanKin

# ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ ပွင့်ဖြူမြို့နယ်၌ကျင်းပ

**ပွင့်ဖြူ၊ စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ ကံသာကြီးကျေးရွာတွင် လျှပ်စစ်မီးလင်းရေးအတွက် ၁၁/၀၄ ကေဗွီ (၂၀၀) ကေဗွီအေ ထရန်စဖော်မာကို ကျေးရွာမီးလင်းရေးကော်မတီ၏ ဦးဆောင်မှုနှင့် မြို့နယ်လျှပ်စစ်တို့၏ ကူညီပံ့ပိုးမှုဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ရာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို စက်တင်ဘာ ၂၁ ရက် နံနက် ၈ နာရီက အဆိုပါကျေးရွာ ရွာလယ်ဓမ္မာရုံတွင် ကျင်းပခဲ့သည်။

အခမ်းအနားအား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဦးအောင်နိုင်၊ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးသာစိုး၊ ရပ်မိရပ်ဖ ဦးခင်မောင်တင်တို့က ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးသာစိုးက လျှပ်စစ်အန္တရာယ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများထံ မီးလင်းရေးကော်မတီက အထိမ်းအမှတ်အလံပေးအပ်ခဲ့သည်။

အဆိုပါ ကံသာကြီးကျေးရွာတွင် အိမ်ထောင်စု ၄၅၀စု၊ လူဦးရေ ၁၈၈၅ ဦးရှိပြီး မီတာ ၁၆၅ လုံးတပ်ဆင်အသုံးပြုလျက်ရှိသည်။ လျှပ်စစ်မီးရရှိရေးအတွက် ကျပ်သိန်း ၆၅၀ ကုန်ကျခဲ့သည်။ ပွင့်ဖြူမြို့နယ်၌ ကျေးရွာပေါင်း ၂၀၅ ရွာတွင် ကိုယ့်အားကိုယ်ကိုး မီးလင်းရေးဆောင်ရွက်ခဲ့သည့် ကျေးရွာပေါင်း ၇၂ ရွာရှိပြီဖြစ်ကြောင်း၊ ထပ်မံ၍ မီးလင်းရေးဆောင်ရွက်မည့် ကျေးရွာပေါင်း ၃၂ ရွာအား မီးရရှိအောင်ဆောင်ရွက်လျက်ရှိပြီး မြို့နယ်ရှိ ကျေးရွာစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းမှာ လျှပ်ဓာတ်အားစနစ်ဖြင့် မီးလင်းတော့မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **သန်းနိုင်ဦး(ငဖဲ)**

## အလုပ်ရုံအတွင်း အလုပ်လုပ်နေစဉ် ဓာတ်လိုက်ခံရ

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

နို့စက်ရုံတွင်အလုပ်လုပ်နေသည့် အမျိုးသမီးတစ်ဦး လျှပ်စစ်ဓာတ်လိုက်ခံရပြီး သတိလစ်လဲကျသွားသည့် ဖြစ်ရပ်တစ်ခု မြောက်ဥက္ကလာပမြို့နယ် မြဥယျာဉ်စိုက်ပျိုးရေးခြံတွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၃ ရက်က မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက် မြဥယျာဉ် စိုက်ပျိုးရေးခြံ၊ သစ္စာပန်းလမ်း၊ အမှတ် (၉၂) နေသူသည် မြဥယျာဉ်စိုက်ပျိုးရေးခြံ သစ္စာပန်းလမ်း၊ အမှတ် ၉၉ ရှိ ကြာညိုပန်း နို့စက်ရုံ၌ တာဝန်ကျရာလုပ်ငန်းခွင်အတွင်း အလုပ်လုပ်နေစဉ် ဓာတ်လိုက်၍ လဲကျသွားသည်။

ယင်းဖြစ်ပွားမှုကြောင့် ဓာတ်လိုက်ခံရသူအား စက်ရုံမှတာဝန်ရှိသူများက မြောက်ဥက္ကလာပဆေးရုံသို့ ပို့ဆောင်ပေး၍ သီတာဆောင်တွင် တက်ရောက်ဆေးကုသမှုခံယူနေကြောင်း သိရသည်။ **(၀၃၅)**



## နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေး

**မုံရွာ၊ စက်တင်ဘာ ၂၇**

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မုံရွာမြို့နယ် ဦးစီးဌာနမှူးရုံး မြို့နယ်ဦးစီးဌာနမှူး နှင့် ဝန်ထမ်းများမှ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ စခန်းရုံး မုံရွာမြို့တွင် တပ်ဖွဲ့ဝင်စစ်သည်မိသားစုများအား မိုးပွင့်အဆင့် (၆) စီမံချက်ဖြင့် စက်တင်ဘာ ၂၃ ရက်နေ့ ညနေ ၄နာရီခွဲတွင် စစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ နိုင်ငံသားစိစစ်ရေးကတ်ပြား (၇၅)ကဒ်အား လက်ဝယ်အရောက် ကွင်းဆင်းထုတ်ပေးခဲ့ကြသည်။ **(ယာပုံ)**

အဆိုပါ ကတ်ပြားပေးအပ်ပွဲ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ ဒုတိယ တိုင်းဒေသကြီး ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇင်လတ်၊ မုံရွာခရိုင်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်နှင့် အရာရှိကြီးများ၊ တပ်ဖွဲ့ဝင်မိသားစုများ တက်ရောက်ခဲ့ကြပြီး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်မှ နိုင်ငံသားစိစစ်ရေးကတ်ပြားအကြောင်း သိကြောင်းစရာများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်သူတစ်ဦး၏ လိုက်နာရမည့်အချက်များ၊ ၁၉၈၂ နိုင်ငံသားဥပဒေချိုးဖောက်ပါက ကျရောက်မည့် ပြစ်ဒဏ်များကို အကျယ်တဝင့် ရှင်းရှင်း ပြောကြားပြီး တစ်ဦးချင်းစီထံသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။ **(မောင်မောင်)**

## သမဝါယမလုပ်ငန်းညှိနှိုင်းအစည်းအဝေး နတ်မောက်မြို့နယ် မြို့နယ်ပြည်သူ့ခန်းမ၌ ကျင်းပ

**နတ်မောက်၊ စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၌ သမဝါယမဦးစီးဌာနက စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီတွင် သမဝါယမလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်ပြည်သူ့ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန နယ်မြေတာဝန်ခံ ဦးစီးအရာရှိ ဒေါ်ဆယ်တင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးငွေလင်းအောင်က ကျေးရွာတစ်ရွာလျှင် သမဝါယမအသင်းတစ်သင်း ဖွဲ့စည်းခြင်းနှင့် ဖွဲ့စည်းပြီးအသင်းများအား အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် နတ်မောက်မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးရွှေမောက်က လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် မြို့နယ်သမဝါယမဦးစီးဌာနသို့ မှာယူ၍ ဝယ်ယူနိုင်ခြင်းကို ရှင်းလင်းပြောကြားခဲ့ပြီး အဆိုပါအခမ်းအနားသို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များ ကျေးရွာရှိတောင်သူလယ်သမားများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း အင်အား ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **လှဝင်း(ပြန်/ဆက်)**

## မန္တလေးမြို့တော်၏ အထင်ကရဖြစ်သော ဈေးချိုတော်နာရီစင်ကို ပြုပြင်မွမ်းမံမည်

**မန္တလေး၊ စက်တင်ဘာ ၂၇**

မန္တလေးမြို့တော်၏ အထင်ကရဖြစ်သော ချမ်းအေးသာစံမြို့နယ်၊ ၂၆လမ်းနှင့် ၈၄ လမ်းဆုံရှိ ဈေးချိုတော်နာရီစင်ကြီး ပြုပြင်မွမ်းမံခြင်းကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့အခြေစိုက် Processor အီလက်ထရွန်နစ်မှ နာရီပညာရှင် ဦးရဲဝင်း (B.E Elect) တို့က ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

ဈေးချိုနာရီစင်ကြီးကို အောက်တိုဘာ ၁ ရက်မှ စတင်ကာ ရက်ပေါင်း ၆၀ ခန့် အချိန်ယူ၍ ရှေးမူမပျက်ပြင်ဆင်မွမ်းမံသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါ ဈေးချိုနာရီစင်ကြီးကို ကုန်ကျစရိတ် ကျပ်သိန်း ၁၃၀ ကျော် အကုန်အကျခံကာ နာရီစင်အထပ်တိုင်းတွင် လျှပ်စစ်မီးတပ်ဆင်ခြင်း၊ နာရီဒိုင်ခွက်အလယ် Motor Attached Transfer တပ်ဆင်၍ နာရီလေးဖက်စလုံး အချိန်တူစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတာဝန်ရှိသူများ၏ ပြောပြချက်အရ သိရသည်။

မန္တလေးဈေးချို နာရီစင်ကြီးကို ၁၉၈၅ခုနှစ်နှင့် ဈေးချိုတော် ရာပြည့်ပွဲကျင်းပစဉ် ပြုပြင် မွမ်းမံ၍ သံစုံမြည်စေရန် ဆောင်ရွက်ခဲ့ပြီး ခိုနှင့် အခြားငှက်များ ဝင်ရောက်ခြင်း၊ လေဒဏ်မိုးဒဏ်နှင့် လျှပ်စစ်ဓာတ်အား အတက်အကျ မမှန်ကန်မှုကြောင့် ပျက်စီးခဲ့ရသည်။ ဈေးချိုနာရီစင်ကြီးကို ၁၉၀၉ ခုနှစ်က ဗြိတိန်ဝိတိုရိယဘုရင်မကြီး နန်းသက် ၆၀ ပြည့်ကို ဂုဏ်ပြု၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၁၉၈၅ ခုနှစ်တွင် မြန်မာမှုပြု ပြောင်းလဲတည်ဆောက်ခဲ့ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

## မိုးပွင့်အဆင့်(၆) နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကျေးရွာအရောက် ကွင်းဆင်းပေးအပ်

**စစ်ကိုင်း၊ စက်တင်ဘာ ၂၇**

စစ်ကိုင်းမြို့နယ်၊ ကျောက်ဆည်ကျေးရွာ၌ မိုးပွင့်အဆင့် (၆) စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ကျောက်ဆည်ကျေးရွာရှိ ၁၈ နှစ်ပြည့်ပြီးသူ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်း ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ခဲ၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဦးဝင်းဆန်းဦး၊ စစ်ကိုင်းခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးတို့ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။ **မျိုးဝင်း(စစ်ကိုင်း)**

ဆောက်လုပ်ရေး စီမံကိန်း Engineer များအတွက်
High-Rise လုပ်ငန်းခွင် နည်းပညာသင်တန်း
- Construction Management?
- Sequence?
- (R.C) Standard Code of Practice QA, QC,QS?
များကို Projector Slideshow နှင့်အလွယ်ကူဆုံး မြန်မာဘာသာဖြင့် ပြသပေးပါမည်။
October သင်တန်း
9-10-2014 မှ 13-10-2014 အထိ
(5:30 PM - 7:00 PM)
Ph : 01 245802, 09 5112564

**ဖခင်အမည်မှန်**
မြစ်ကြီးနားမြို့၊ ထ(ခွဲ)-အလက(၆)၊ အဌမတန်း(A)မှ မနိုင်နော၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဦး[၁/မကတ(နိုင်)၀၆၇၄၃၃] ဖြစ်ပါသည်။

**မိခင်အမည်မှန်**
ဝိုင်းမော်မြို့၊ အထက(၂)၊ ဒသမတန်း (B)မှ မလဲ့လဲ့ဝင်းခိုင်၏ မိခင်အမည်မှန်မှာ ဒေါ်ဂွါမူညို[၁/ဝမန(နိုင်)၀၀၅၄၆၂] ဖြစ်ပါသည်။

**ဖခင်အမည်မှန်**
မြစ်ကြီးနားမြို့၊ ရာပြည့်ကိုယ်ပိုင်အထက်တန်းကျောင်းမှ မောင်ဒီအင်ဖရောင့်၏ ဖခင်အမည်မှန်မှာ ဦးဒွမ်ဖျာဘရန်နူး[၁/ဝမန(နိုင်)၀၀၀၇၆၄] ဖြစ်ပါသည်။

**ခြံရောင်းမည်**
ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လောင်းမြို့၊ ပြည်ထောင်စု ကားလမ်းမကြီးဘေး၊ မြို့မြေကွက်(ပါမစ်) အကျယ်အဝန်း ပေ(၈၀×၄၀) လောကနတ်စားသောက်ဆိုင်ရှေ့။
ဖုန်း-၀၉-၂၅၃၀၂၇၀၇၀

**ကြော်ငြာစာ**
မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၀၀-၂)၊ ၆၇×၆၈ လမ်းကြား၊ (AxB)လမ်းကြားရှိ ဦးပိုင် ၂၉/ခ သည် ဦးမောင်လှအမည်ဖြင့် ချထားပေးသောမြေကွက်နှင့် ဦးပိုင် ၂၉/ဂ သည် ဦးကျော်မင်းအမည်ဖြင့် ချထားပေးသော မြေကွက်တို့အား SOON KYIN(ခ)ဒေါ်ခင်ခင်ဝင်း [၉/အမဇ(ပြု)၀၀၀၁၇၅]မှ မြေစလစ်များ၊ တရားရုံးကျမ်းကျိန်ချက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

**ခြံရောင်းမည်**
ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ပြည်ထောင်စုကားလမ်းမကြီးအနီး၊ မြို့ပတ်လမ်းမကြီးပေါ်၊ နွားလပိုးကျေးရွာ၊ မြေနီကုန်းတိုးချဲ့ မြို့သစ်မြေကွက် (ပါမစ်) အုတ်တံတိုင်းခတ်ပြီး၊ အကျယ်အဝန်း (ပေ၈၀)ပတ်လည်နီလာရှိုးမ ဓာတ်ဆီဆိုင်အနီး။ ဖုန်း ၀၉-၄၉၆၆၁၆၃၆

**ခြံရောင်းမည်**
ကလောမြို့နယ်၊ ဝက်ဖြူရေကျေးရွာအုပ်စု၊ နန့်ပန်တက်ကျေးရွာ၊ ပြည်ထောင်စုကားလမ်းမကြီးဘေးရှိ ဥယျာဉ်ခြံမြေများ (ပုံစံ-၇)ထွက်ပြီး ရောင်းရန်ရှိသည်။
ဖုန်း-၀၉-၃၃၄၉၀၀၀၇

**အမှတ်(၇၆)၊ အုန်းပင်လမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ နှစ်ခန်းတွဲရှစ်ထပ်၊ ကန်ထရိုက်တိုက်နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း**
ကျွန်မဒေါ်လဲ့လဲ့လွင်[၁၂/ကမတ(နိုင်)၀၁၉၉၅၉]အမည်ပေါက်ပိုင်ဆိုင်သော အမှတ်(၇၆)၊ အုန်းပင်လမ်း၊ မြေပေါ်ရှိ နှစ်ခန်းတွဲရှစ်ထပ်၊ ကန်ထရိုက်တိုက်ခန်းများကို တရားဝင် အရောင်းအဝယ် ပြုလုပ်ရာတွင် မြေပိုင်ရှင်ဖြစ်သူ ကျွန်မ ဒေါ်လဲ့လဲ့လွင်ထံမှ မြေရှင်အသိအမှတ်ပြု လက်မှတ် ရေးထိုးကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ ဒေါ်လဲ့လဲ့လွင်
ဖုန်း-၀၉-၄၂၀၀၀၆၁၂၇

**ကြော်ငြာစာ**
မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ်(၉၄-၂၂)၊ ဦးပိုင်အမှတ်(၃၆)၊ ၅၃×၅၄လမ်းကြား၊ ခိုင်ရွှေဝါလမ်း×ကျွဲလမ်းကြားရှိ ဦးအုန်းမြင့်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်ခင်ဝင်း[၉/မရမ(နိုင်)၀၂၁၁၂၀]မှ မြေနေရာချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ (အခွန်) ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များ စုပေါင်း သွေးလှူဒါန်း

**မန္တလေး၊ စက်တင်ဘာ ၂၇**

နှစ်(၅၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးနှင့် ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ကမ္ဘာလှည့်ခရီးသွားလုံခြုံရေး ရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မူးယစ်အထူးရဲတပ်ဖွဲ့၊ တိုင်းအရန်ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ၂၆ရက် နံနက်၉ နာရီက မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲတွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ သွေးလှူဒါန်းပွဲသို့ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဟန်ထွန်း၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ဦးစီးမှူး (ပထမတန်း)နှင့် ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ တက်ရောက်အားပေးခဲ့ကြသည်။

ဆက်လက်၍ သွေးလှူရှင်များအား အမျိုးသားသွေးလှူဘဏ်ခွဲမှ အားဆေးနှင့် အချိုရည်၊ အားဖြည့်အစာများ ကျွေးမွေးပြီး သွေးလှူဘဏ်တာဝန်ခံ ဒေါက်တာခင်မြတ်မွန်က ကျေးဇူးတင်စကား ပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ**



# မန္တလေးတိုင်းဒေသကြီး ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယာဉ်ဟောင်း ၁၁၇၇၄ စီး အပ်နှံပြီးစီး

**မန္တလေး၊ စက်တင်ဘာ ၂၇**

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး (တောင်ပိုင်း)ရုံးခွဲ စွယ်တော်မြတ်စေတီအနီး ယာဉ်အိုယာဉ်ဟောင်းအပ်နှံ၍ အစားထိုးယာဉ်တင်သွင်းခြင်းစီမံချက်တွင် ၂၀၁၄ခုနှစ် စက်တင်ဘာ ၁၅ ရက်အထိ လာရောက်အပ်နှံသော မော်တော်ယာဉ် ၂၆၁၅၀ စီးရှိပြီဖြစ်ကြောင်းသိရသည်။

ယင်းသို့ လာရောက်အပ်နှံရာတွင် စက်မှုဇုန်ထုတ်ယာဉ် ၂၅၃၄ စီး၊ သုံးဘီးယာဉ် ၁၀၀ စီး၊ အနှစ် ၂၀ ကျော်ယာဉ်အစီး ၃၀၊ လေလံယာဉ် ၁၇၆၂ စီး၊ Taxi ယာဉ် ၁၁၉၈ စီး အပါအဝင် စုစုပေါင်း ၁၁၇၇၄ စီး အပ်နှံပြီးဖြစ်ကြောင်း မန္တလေးတိုင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးရုံး(မန္တလေး)တွင် စက်တင်ဘာ ၈ ရက်အထိ အင်္ဂလိပ်အက္ခရာ ဖောင်းကြွနံပါတ်ပြားဖို့ ငွေပေးသွင်းပြီးသော ယာဉ်ပိုင်ရှင်များ အနေဖြင့် ငွေသွင်းပြေစာ၊ (ကမ-၃) စာအုပ်၊ ဖောင်းကြွနံပါတ်ပြားအဟောင်းနှင့်အတူ အင်္ဂလိပ်အက္ခရာ ဖောင်းကြွနံပါတ်ပြားများကို ထုတ်ယူနိုင်ကြောင်းလည်း အသိပေးကြေညာထားသည်။ **သီဟကိုကို(မန္တလေး)**

## ခင်ဦးမြို့၌ အခြေခံ နွားမေထုန်မဲ့ သားစပ်နည်းသင်တန်း လက်တွေ့ကွင်းဆင်း သရုပ်ပြ

**ခင်ဦး၊ စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဖွင့်လှစ်သော အခြေခံနွားမေထုန်မဲ့ သားစပ်နည်းသင်တန်းလက်တွေ့ပြသခြင်းကို စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက ခင်ဦးမြို့၊ အောင်မင်္ဂလာရပ် တောင်သူ ဦးညိုငွေး၏ နေအိမ်တွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီး အရာရှိ ဒေါက်တာလှလှပြုံးက သင်တန်းတက်ရောက်နေသော သင်တန်းသား ၂၀ ဦးအား တောင်သူ ဦးညိုငွေး၏ ဒေသနွားမများကို လက်တွေ့ကွင်းဆင်း သရုပ်ပြသခဲ့ကြောင်း သိရသည်။

မေထုန်မဲ့ သားစပ်နည်းကြောင့် ရရှိလာနိုင်သောအကျိုးကျေးဇူးများကို မွေး/ကုဦးစီးအရာရှိ ဒေါက်တာလှလှပြုံးက ရှင်းလင်းဆွေးနွေးပြသခဲ့သည်။

ယင်းကဲ့သို့ လက်တွေ့ သရုပ်ပြသရခြင်းမှာ သင်တန်းသားများလွယ်ကူစွာ သဘောပေါက်စေရန်ဖြစ်သည်။

**ခင်ဦးစိုးဝေ**

## မြို့နယ်ချင်းဆက် ကိုယ်ထူကိုယ်ထလမ်း ရေတိုက်စား၍ပြန်လည်ပြုပြင်

**ကောလင်း၊ စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နှင့် ဝန်းသိုမြို့နယ်၊ ဇီးဖြူပင်ရွာအထိ ဖောက်လုပ်ထားသော မြို့နယ်ချင်းဆက်လမ်းသည် စက်တင်ဘာ ၁၈ ရက်က မိုးသည်းထန်စွာရွာ၍ ရေတိုက်စားသွားသောကြောင့် ပျက်စီးခဲ့ရာ အများပြည်သူသွားလာမှုအဆင်ပြေစေရန် အဆိုပါလမ်းအား ဒေသခံပြည်သူများမှ ကိုယ်ထူကိုယ်ထ ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

၎င်းမြို့နယ်ချင်းဆက်လမ်း ပြုပြင်ရန်အတွက် ကောလင်းမြို့ မြောက်အင်းရပ် ဦးကံငြိမ်းက အလှူငွေ တစ်သိန်းခွဲ၊ ဝန်းသိုမြို့နယ် အောင်းကုန်းရွာမှ ဦးသိန်းမြင့်က အလှူငွေ တစ်သိန်းခွဲ၊ ဝန်းသိုမြို့နယ် ဇီးဖြူပင်ကျောင်းထိုင် ဆရာတော် ဦးနန္ဒိမာက အလှူငွေ ငါးသောင်း၊ ဒေသခံပြည်သူများမှ အလှူငွေ ၁၀ သိန်းကျော် စုစုပေါင်းငွေကျပ် ၁၄ သိန်းကျော်ဖြင့် လမ်းများကို ပြုပြင်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းရေတိုက်စားမှုကြောင့် ဒေသခံပြည်သူများနှင့် ကောလင်းမြို့ပေါ်သို့ ကျောင်းတက်နေသော ကျောင်းသား၊ ကျောင်းသူများ အသွားလမ်း အခက်အခဲဖြစ်နေကြောင်း၊ အဆိုပါလမ်းသည် ကောလင်းနှင့် ဇီးဖြူပင် ၄ မိုင် ကွာဝေးပြီး ဝန်းသိုမြို့အထိ ၁၀ မိုင်ကွာဝေးသော ဝန်းသိုအထိ ရွာချင်းဆက်လမ်းဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**မြင့်ထွန်းမင်း (ပြန်/ဆက်)**

# သဖန်းဆိပ်ဆည်စီမံကိန်းကြောင့် ပြောင်းရွှေ့လာသော ကျေးရွာများ၌ မီးလင်းရေးဆက်လက်ဆောင်ရွက်ပေး

**ကျွန်းလှ၊ စက်တင်ဘာ ၂၇**


စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၌ သဖန်းဆိပ်ဆည်စီမံကိန်းကြောင့် ပြောင်းရွှေ့လာသော ကျေးရွာ ၄၀အား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစ၍ ၂၄ နာရီ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်လျက်ရှိရာ ကျေးရွာ ၃၂ ရွာ မီးလင်းနေပြီဖြစ်ကြောင်း သိရသည်။


အဆိုပါကျေးရွာများမှာ သဖန်းဆိပ်ဆည် အရှေ့ခြမ်းတွင် ၁၄ ရွာ၊ အနောက်ခြမ်းတွင် ၁၈ ရွာတို့ဖြစ်ပြီး ဆည်အနောက်ခြမ်း ကျေးရွာများ မီးလင်းရေးအတွက် လိပ်စင်းတောင်ကျေးရွာ၌ ၃၃/၁၁ ကေဗွီ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခဲ့သည်။

၎င်းဓာတ်အားခွဲရုံမှ ကျေးရွာ ၁၀ ရွာကို ဓာတ်အားပေးလျက်ရှိပြီး ကျန်ကျေးရွာ ရှစ်ရွာ အမြန်မီးလင်းရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်ဦးစီးမှူး ဦးစန်းအောင်က ပြောကြားသည်။

"ကျွန်တော်တို့ ကျေးရွာတွေမှာ ၂၄ နာရီ လျှပ်စစ်မီးရရှိမယ်လို့ မမျှော်လင့်ခဲ့ပါဘူး။ ယခုလို လျှပ်စစ်မီးရရှိတဲ့အတွက် သောက်သုံးရေရရှိရေးကိုလည်း လျှပ်စစ်နဲ့အသုံးပြုလာကြပါတယ်။ ကျေးရွာလူမှုစီးပွားတွေ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပြီး ထမင်းချက်ရာမှာလည်း လျှပ်စစ်မီးကို အသုံးပြုကြတဲ့အတွက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာလည်း ရောက်ပါတယ်။ ကျောင်းသား၊ ကျောင်းသူများ စာကျက်ရာမှာလည်း အဆင်ပြေပါတယ်"ဟု ကျေးရွာသားတစ်ဦးက ပြောသည်။

**မျိုးဝင်းညို (ကျွန်းလှ)**



### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့၊ အထက ဒုသမတန်းမှ မသင်းသင်းအေး၏ ဖခင် အမည်မှန်မှာ ဦးစန်းကြည် [၇/အဖန (နိုင်) ၀၉၃၈၇၂] ဖြစ်ပါသည်။

ဦးစန်းကြည်[၇/အဖန(နိုင်)၀၉၃၈၇၂]

### တစ်ဦးတည်းဖြစ်ကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ရွှေညောင်ပင်ကျေးရွာ၊ အထက(ခွဲ) ဒုသမ တန်းတွင် ပညာသင်ကြားနေသော မောင် အာကာဦး၏ မိခင်မှာ ဒေါ်စိုးရီ [၁၂/ ခရန(နိုင်)၀၆၈၄၂၁]နှင့် ဒေါ်စိုးစိုးရီမှာ တစ်ဦးတည်းဖြစ်ပါသည်။



## အထူးဝမ်းနည်းကြေကွဲခြင်း

